## Happy Wedding Aniversary to Zaw and Pan Ei.

ရန်ကုန်မြို့မှ ဖေဖေ ဗိုလ်ကြီး ဇော်ထွန်းမြတ် နှင့် မေမေ ဒေါ်ပန်းအိတို့၏ မေလ (၆)ရက်နေ့တွင် ကျရောက်သည့် လက်ထပ်ထိမ်းမြားခြင်း မင်္ဂလာ (၇)နှစ်မြောက်အတွက် ကျေးဇူးတော် ချီးမွမ်းခြင်း အလှူငွေ ကျပ် တစ်သိန်းကို သမီးလေး မေမွန်မြတ်သူ (ရွှေသဲ)မှ ညစဉ်ခွန်အားသို့ ပေးပို့ရာ ကျေးဇူးတင်စွာဖြင့် လက်ခံရရှိပါသည်။ ဘုရားရှင် စုံဖက်သော ဇနီးမောင်နှံကို ဘုရားရှင်သည် ကောင်းကြီးပေးလက်စရှိသည့်အတိုင်း ဆက်လက်၍ ပတ်စည်းပါစေ။ လူတို့ ကြံစည်၍ မမီနိုင်သော အောင်မြင်မှု၊ ကြွယ်ဝခြင်း၊ ငြိမ်ချမ်းပျော်ရွှင်မှုတို့ကို ခံစားရလျက် ချစ်သော သမီးကလေးနှင့် လူရှေ့ ဘုရားရှင်ရှေ့တွင် မျက်နှာရသောအခွင့်၊ ကြည်နူးသာယာစွာ ဘဝခရီးကို ဖြတ်သန်း၍ မေတ္တာကြီးဖြင့် မြဲမြဲစွာ ချည်နှောင်ထားခြင်း ခံရသောအခွင့်ကို ခံစားရပါမည်အကြောင်း နာမတော်မြတ်၌ ဆုတောင်းမေတ္တာ ပို့သအပ်ပါ၏။ (အာမင်)

## Happy Wedding Aniversary to Myint and Violet.

တာချီလိတ်မြို့မှ ဦးစောသန်းမြင့်နှင့် နော်ဗွိုင်းလက်တို့၏ မေလ (၂၃)ရက်နေ့တွင် ကျရောက်သော လက်ထပ်ထိမ်းမြားခြင်း မင်္ဂလာ (၁၀)နှစ်မြောက် ကျေးဇူးတော် ချီးမွမ်းခြင်း အလှူငွေကျပ် ငါးသောင်းကို ညစဉ်ခွန်အားသို့ ပေးပို့ရာ ကျေးဇူးတင်စွာဖြင့် လက်ခံရရှိပါသည်။ ဘုရားရှင်စုံဖက်သော ချစ်သူနှစ်ယောက်ကို ဘုရားရှင်သည် ဝရုဏာလက်တော်ဖြင့် ပို့ဆောင်ပါစေ။ လောကနှင့် စပ်ဆိုင်သောအရာကို စုသိမ်းရသောအခွင့်သာမရ၊ သားသမီးပွားစည်းရသောအခွင့်၊ ပျော်ရွှင်သာယာသောအိမ်ထောင်၊ စုံလင်သောမိသားစုဖြစ်ရသောအခွင့်နှင့်တကွ ဘဝခရီးမှာကောင်းကြီးမင်္ဂလာကို စုံစုံလင်လင် ခံစားကြရမည်အကြောင်း၊ ခိုင်ခံ့သော အိမ်ထောင်မေတ္တာနှင့် ကြွယ်ဝမည်အကြောင်း နာမတော်မြတ်၌ ဆုတောင်းမေတ္တာပို့သအပ်ပါ၏။ (အာမင်)

## Happy Wedding Aniversary to Aung and Julie.

မန္တလေးမြို့မှ ပါမောက္ခဒေါက်တာဦးအောင်ကြီးနှင့် ဒေါ်ဂျူလီထွန်းတို့၏ ဧပြီလတွင် ကျရောက်သော (၂၄)နှစ်မြောက် လက်ထပ်ထိမ်းမြားခြင်း မင်္ဂလာနှစ်ပတ်လည် ကျေးဇူးတော်ချီးမွမ်းခြင်း အလှူငွေကျပ် သုံးသောင်းကို ညစဉ်ခွန်အားသို့ ပေးပို့ရာ ကျေးဇူးတင်စွာဖြင့် လက်ခံရရှိပါသည်။ နှစ်ပေါင်းများစွာကပင် ဘုရားရှင်တွဲဖက်ထမ်းပိုးတင်၍ ပို့ဆောင်လမ်းပြခဲ့သော ဇနီးမောင်နှံကို ကောင်းကြီးပေးလက်စရှိသည့်အတိုင်း ဆက်လက်၍ စုံလင်သောဆုကျေးဇူးနှင့် ပတ်စည်းပါစေ။ အတောင်တော်အရိပ်အောက်မှာ ဘေးလွတ် လုံခြုံစွာနေရလျက် အသက်တာတစ်လျှောက်တွင် ငြိမ်သက်ခြင်း၊ ကြွယ်ဝခြင်း၊ အောင်မြင်ခြင်း. . . ဆုကျေးဇူးကို ပြည့်စုံစွာခံစားရပါစေ။ မိသားစုသည် ဝမ်းမြောက်ရွှင်လန်းလျက် ဘုန်းတော်ကို ထင်ရှားစေမည်အကြောင်း နာမတော်မြတ်၌ ဆုတောင်းမေတ္တာပို့သအပ်ပါ၏။ (အာမင်)

## နှုတ်ဖြင့်မြွက်ဆိုမမီကျူး

ညစဉ်ခွန်အားစာအုပ် (၆၀)ပြည့် ကျေးဇူးတော်ချီးမွမ်းခြင်းအစီအစဉ်ဖြင့်. . . "နှုတ်ဖြင့်မြွက်ဆိုမမီကျူး" ဓမ္မသီချင်း ဗီစီဒီကို ထုတ်ဝေလျက် ရှိပါသည်။ ရယူနားဆင်၍ ခွန်အားယူရန် တိုက်တွန်းပါရစေ။ ဆက်လက်၍ ညစဉ်ခွန်အား အတွက် ဆုတောင်းပေးရန် မေတ္တာရပ်ခံပါသည်။ အိမ်ထောင်မိသားစု တစ်သောင်းကျော်ကို ဆက်လက်၍ ညစဉ်ခွန်အားပေးနိုင်ဖို့ ကူညီမစပေးလှူသော မိတ်ဆွေများကို ကျေးဇူး အထူးတင်ပါသည်။ လိုအပ်သူများရှိနေသေးလျှင် ဆက်သွယ်၍ မှာယူပါ။ ဖြန့်ချိပေးပါ။ မိတ်ဆွေများက ကူညီသောကြောင့် ယနေ့ထိ ညစဉ်ခွန်အား ရှင်သန်ကြောင်း ဝန်ခံရင်း ညစဉ်ခွန်အားကို ဆက်လက် မစကြဖို့ တောင်းပန်ပါရစေ။



**ဇွန်လ (၁) ရက်၊ ၂၀၀၇ ခုနှစ် (သောကြာနေ့)**

ခရစ်တော်သည် ငါတို့အတွက် ခံတော်မူသည်ဖြစ်၍၊ ခြေတော်ရာကို လိုက်လျှောက်စေခြင်းငှါ ပုံသက်သေကိုထားတော်မူပြီ။ (ရှင်ပေတရု ဩဝါဒစာ ပဌမစောင်၊၂း၂၂)

## "ချစ်သော ... ဇွန်"

ဇွန်လသို့ရောက်လာသောအခါ သတိတရရှိလှသော သူငယ်ချင်းတစ်ယောက်မှာ ဟသ်ာတမြို့မှ ဇွန်ဇံ (June Zan) ဖြစ်ပါ၏။ ဇွန်ဟု ကျွန်တော်တို့ခေါ်သော မိန်းကလေးသည် အရပ်မြင့်မြင့်အသားဖြူဖြူနှင့် ကရင်တိုင်းရင်းသူ ပီသစွာလှပသောသူ ဖြစ်ပါ၏။ မဟာသိပ္ပံသင်တန်းသို့ တက်ခွင့်ရလျှင် သူမသည် ကျွန်တော်နှင့် အတန်းဖော်ဖြစ်လာပါ၏။ ယခင်က မသိမကျွမ်းသော်လည်း ကျွန်တော့်ကို ခရစ်ယာန်မှန်းသိလျှင် စတင်မိတ်ဆက်ပါသည်။ ယုံကြည်သူနည်းပါးသော အတန်းထဲမှာ ရင်းနှီးကျွမ်းဝင်သွားကြပြီးနောက်တွင် တစတစဖြင့် ဆုံးမမှုအမျိုးမျိုးပြုလာပါ၏။ ဖရိုဖရဲနှင့် ဖြစ်သလို နေထိုင်တတ်သော ကျွန်တော့်မှာ နေရင်းထိုင်ရင်း အစ်မတစ်ယောက်ကို ကောက်ရသလို ကူညီမစမှုလည်းရ၊ အဆူအပူလည်း ခံရနှင့် သူမစီမံကိန်းချသလို နေထိုင်ခဲ့ရပါသည်။

ကျောင်းပြီး၍လုပ်ငန်းခွင်ဝင်သည့်တိုင် ဇွန်နှင့်အဆက်အသွယ် မပြတ်ခဲ့ပါ။ ကြုံလေတိုင်း၊ ဆုံလေတိုင်းမှာ ကူညီမစမှုကိုပေးရင်း၊ ဆုံးမသွန်သင်သောစကားကို ပြောပြန်၏။ ကျွန်တော်အိမ်ထောင်ကျ၍ ကလေးရသည့်တိုင် ဇွန်သည် ကျွန်တော့်ကို ဆုံးမဆဲ၊ ဆူပူဆဲ၊ သွန်သင်ဆဲ ဖြစ်ပါသည်။ မမျှော်လင့်ဘဲ သူခေါ်တော်မူခြင်းခံရလျှင် အပြေးသွား၍ နှုတ်ဆက်ရပါ၏။ ခေါင်းတလားထဲမှာပင် နှုတ်ကလေးက တဟဟ။ ဆူပူလိုဟန်ရှိနေပုံပါပဲ။ တကယ်တော့ ကျွန်တော့်ဘဝမှာ မည်သူမျှ ဇွန်လောက် ကျွန်တော့်ကိုမဆူခဲ့၊ မဆုံးမခဲ့ပါ။ သူမ ပြောနေကျစကားတစ်ခုက "သူများတကာနဲ့ ခြားနားတဲ့အသက်တာနဲ့ အသက်ရှင်စမ်းပါ။ မယုံကြည်သူတစ်ယောက်လိုဘဲ နေထိုင်သက်ရှင်မယ်။ သွားလာမယ်ဆိုရင် ယုံကြည်သူဆိုတဲ့အဓိပ္ပာယ် ဘယ်လိုရှိမှာလဲ။ ခြားနားအောင်နေမှ ဘုန်းတော်ထင်ရှားမှာပေါ့"ဟူ၍ ဖြစ်ပါသည်။

တစ်နေ့တာလုံး အသက်ရှင်ခဲ့သည်ကို ဆင်ခြင်ကြည့်ကြပါစို့။ ခရစ်တော်ကို ယုံကြည်သောသူဖြစ်ပါလျက် ခရစ်တော်နည်းတူ အသက်ရှင်ခဲ့ပါရဲ့လား။ သူများနည်းတူ မိုးခါးရေသောက်၍ အလိုက်သင့်နေထိုင်ခဲ့ပါလျှင် ဇွန်ပြောခဲ့သလိုပဲ ခရစ်ယာန်ဖြစ်ခြင်း၏ အဓိပ္ပာယ်ကို မဖော်ပြနိုင်ပါ။ သခင်ယေရှုက သင်တို့သည်ငါ့ပညတ်တို့ကို စောင့်ရှောက်လျှင် ငါ့မေတ္တာ၌ တည်နေကြလိမ့်မည်ဟု မိန့်တော်မူခဲ့ပါသည်။ (ယော၊ ၁၅း၉)



**ဇွန်လ (၂) ရက်၊ ၂၀၀၇ ခုနှစ် (စနေနေ့)**

သင်တို့သည် အလျဉ်းမချို့တဲ့ဘဲ စေ့စပ်စုံလင်မည်အကြောင်း၊ သည်းခံခြင်းစိတ်သည် အကုန်အစင်ပြုပြင်ပါစေ။ (ရှင်ယာကုပ် ဩဝါဒစာ၊ ၁း၃) သ

## "သည်းခံခြင်း အရိပ်အောက်မှာ ..."

**ပြည်သာယာဝတီနယ်စည်းဝေး၏ အမျိုးသမီး ကျမ်းစာသင်တန်းအတွက်၊ ဆရာမဝါးဝါးဖောကဖိတ်ခေါ်သဖြင့် ကျီးတုံးလဲကျေးရွာသို့ သွားခဲ့ပါသည်။ ကျီးတုံးလဲကို မရောက်ဖူးသဖြင့် သာယာဝတီမှာသွား၍ ကားကြုံစောင့်ရပါသည်။ ကျီးတုံးလဲကိုသွားမည့် ကားက ဆောက်လုပ်ရေးဝင်းထဲမှာရှိသတဲ့။ နံက်(၈)နာရီမှာ ထွက်မည်ပြောသဖြင့် ခုနှစ်နာရီခွဲကတည်းက သွားစောင့်သော်လည်း ကားကြီးက၊ ဘိလပ်မြေတင်၊ သံချောင်းတင်၊ ဆီပုံးတင်နှင့် ကြန့်ကြာနေပါသည်။ ရှစ်နာရီလည်းမပြီး။ ကိုးနာရီလည်းမပြီး။ ဆယ်နာရီ၊ ဆယ့်တစ်နာရီထိုးသည့်တိုင် မထွက်ဖြစ်သေး၍၊ ဆောက်လုပ်ရေးဝင်းထဲမှ ကုက္ကိုလ်ပင်အောက်မှာ တညောင်းထိုင်စောင့်ရပါ၏။ မွန်းတည့်သော်လည်း ကားကြီးကမထွက်နိုင်။ စောင့်ရသောအလုပ်မှာ စိတ်မရှည်စရာ၊ စိတ်ညစ်စရာ ဖြစ်ပါသည်။ သည်းခံ၍ နေပူထဲမှာနေရ၍ ထိုင်နေရင်း ပင်ပန်းရပါသည်။**

**ဆရာမဝါးဝါးဖောနှင့်တွေ့တိုင်း ခရီးစဉ်များက မချောမွေ့တတ်ပါ။ မနှစ်ကလည်း ဘုတစ်ရာကျေးရွာသို့သွား ဥက္ကံသကြားစက်နားက သရက်ပင်အောက်မှာ စက်ဘီးကယ်ရီကို အကြာကြီး စောင့်ခဲ့ရပါသည်။ ယခုလည်း ကုက္ကိုလ်ပင်ကို မှီရင်း စောင့်ရပြန်သည်။ လှပချောမောသော ဆရာမဝါးဝါးဖောသည် ကျွန်တော့်ကို အားနာဟန်ရှိသော်လည်း သူမကတော့ စောင့်ရတာကို ကျင့်သားရနေဟန် ရှိပါသည်။ ပင်ပန်းသော မျက်နှာထားမရှိ။ ရွှင်လန်းနေဆဲရှိသည်။ စင်စစ် သူမသည် အဝေးမှာ သာသနာပြုသွားသော ချစ်သူကိုစောင့်ရင်း လက်ထပ်မည့်နေ့ကို စောင့်စားနေရတာ ကြာခဲ့ပါပြီ။ ယခုထိ ဆုံနိုင်ခွင့်မရှိနိုင်သေးပါ။ သို့သော် မြဲမြံသောမေတ္တာဖြင့် စိတ်ရှည်လက်ရှည် စောင့်မျှော်နေဆဲပါ။ သူမအကြောင်းကို တွေးရင်း မွန်းလွဲသောအခါ ဟီးနိုးကုန်တင်ကားကြီးက ခရီးစ၍ထွက်ပါသည်။ မြို့ရွာ လွင်ပြင်များကို ဖြတ်သန်း၍ တိုက်ရိုက်မောင်းလာရာ ကျီးတုံးလဲရွာလမ်းခွဲသို့ ညနေချမ်းတွင်ရောက်ပါ၏။ အဆင့်ဆင့် ကားစီးခဲ့လျှင် ရောက်မည်မဟုတ်ပါ။ သည်းခံစောင့်ဆိုင်းနိုင်၍သာ ထိုညက ခရီးပေါက်ခဲ့ပါသည်။**

**သည်းခံခြင်းသည် အတော်ခက်ခဲသော ပါရမီ ဖြစ်ပါ၏။ သို့သော်သည်းခံနိုင်သောသူများကသာ အလွယ်တကူအောင်မြင်သည်ကို တွေ့ရပါ၏။ သည်းခံခြင်းစိတ်တစ်ခုဖြင့် ဘေးအန္တရယ်အမျိုးမျိုးကို ရှောင်လွှဲနိုင်၍ နောက်ဆုံး၌ ပျော်ရွှင်ခြင်းနှင့် အောင်မြင်ခြင်းကို စုံစုံလင်လင်ရနိုင်ကြောင်း သတိပြုကြပါစို့။**

ဇွန်လ (၃) ရက်၊ ၂၀၀၇ ခုနှစ် (တနင်္ဂနွေနေ့)

ခရစ်တော်သည်. . . ငါတို့အတွက် စွန့်တော်မူသည့်နည်းတူ သင်တို့သည် မေတ္တာတရား၌ ကျင်လည်ကြလော့။ (ဧဖက်ဩဝါဒစာ၊ ၅း၂)

## "မေတ္တာတရား၌ကျင်လည်သူ ..."

မိုက်မဲသော ဖခင်တစ်ယောက်သည် မိသားစုကို ဂရုမပြုပဲ အရက်နှံ့ထဲမှာ နစ်နေခဲ့ပါသည်၊ သားသမီးများနှင့် ဇနီးသည် စိတ်ညစ်လျက်ရှိပါ၏။ စားရမဲ့၊ သောက်ရမဲ့ဖြစ်ကာ အရှက်လည်း အကြိမ်ကြိမ်ကွဲရသဖြင့် ဇနီးသည်သည်. . . နောက်ဆုံးတွင် မခံနိုင်၍ အဆိပ်သောက်ကာသေ၏။ ထိုအခါကျမှ အမူးသမားသည် အလွန်ကြေကွဲကာ ဇနီးသည်ကို တမ်းတရင်း သူလည်း အဆိပ်သောက်ကာ ချစ်သူနောက်သို့ လိုက်သွားပါသည်။ မိခင်နှင့် ဖခင်တို့၏ မိုက်မဲသော လုပ်ရပ်တွင် ခံစားရသူများက. . . သားသမီးများဖြစ်ကြပါသည်။ မိဘမဲ့ကလေးများကို အဖိုးအဖွားများက တာဝန်ယူရပါ၏။ သားသမီးထဲမှာ ပိုလီယိုဖြစ်လျက်၊ ဉာဏ်ရည်မမီသော ကလေးတစ်ယောက်ကိုမူ မည်သူမျှ မယူလိုကြ။ စွန့်ပစ်ထားပါသည်။ ထိုကလေးကို မည်သူမျှ မချစ်နိုင်ကြ၊ မမွေးနိုင်ကြ။

ထိုကလေးငယ်ကို နောက်ဆုံးတွင် ကြင်နာသနားတတ်သော ကျေးတုံးလဲရွာမှ အပျိုမကလေးတစ်ယောက်က မွေးစားလိုက်ပါ၏။ စက်ချုပ်ကာဝင်ငွေရှာရင်း ကလေးငယ်ကို ပြုစုကျွေးမွေးပါသည်။ သွားရည်ကျလျက်၊ လမ်းလည်းခက်ခဲစွာ လျှောက်လျက်၊ ဉာဏ်ရည်မမီသော ကလေးငယ်ကို တစ်ဖက်သတ်မေတ္တာနှင့် စောင့်ရှောက်သည်ကို မြင်ရသောအခါ အပျိုမကလေး၏ နှလုံးသားအလှကို ချီးကျူးမိပါသည်။ မည်သူမျှ မချစ်နိုင်အောင် အားနည်းချက်တစ်ပုံကြီးနှင့် ကလေးတစ်ယောက်ထံမှ ဘာတစ်ခုမှ ပြန်မရနိုင်ပဲ. . . မိန်းကလေးသည် သွေးရင်းသားရင်းပမာ ကြင်နာ၍ ပြုစုသည်ကို မြင်ရလျှင် အံ့ဩမိပါ၏။ တကယ့်ကို ရှားပါးသောနှလုံးသားအဖြူရောင် မိန်းကလေးသည်. . . ပတ္တမြားထက် အဖိုးထိုက်သူ၊ ကမ္ဘာပေါ်မှာ အလှပဆုံးဟုသာ ကျွန်တော် တင်စားသတ်မှတ်လိုပါသည်။

ဧဖက်ဩဝါဒစာတွင်. . . သင်တို့သည် ဘုရားသခင်၏ ချစ်သားဖြစ်သည်နှင့်အညီ ဘုရားသခင် ကျင့်တော်မူသည်နည်းတူ ကျင့်ဖို့ရန် ရှင်ပေါလုက သွန်သင်ခဲ့ပါသည်။ သခင်ယေရှုသည် ကိုယ်ကို ဆက်ကပ်၍ ယဇ်ပူဇော်လျက် မေတ္တာတော်ကို ဖော်ပြခဲ့ပါသည်။ တစ်ဖက်သတ်မေတ္တာနှင့် လောကီသားတို့ကို ချစ်ခဲ့ပါ၏။ မေတ္တာပါရမီကို ဖြည့်ဆည်းရန် တကယ်တော့ ခဲယဉ်းလှပါသည်။ ထိုနေ့က သခင်နည်းတူ မေတ္တာတရား၌ ကျင်လည်သော ကျေးတုံးလဲရွာသူတစ်ယောက်ထံမှ သင်ရန် စာရခဲ့ကြောင်းကိုမူ ကျွန်တော် ဝန်ခံပါရစေ။



ဇွန်လ (၄) ရက်၊ ၂၀၀၇ ခုနှစ် (တနင်္လာနေ့)

အို. . . ထာဝရဘုရား။ စီရင်တော်မူသောအမှုတို့သည် ကြီးမား၍ အကြံအစည်တော်လည်း အလွန်နက်လှပါ၏။ (ဆာလံကျမ်း၊ ၉၂း၅)

## "မျှော်လင့်အပ်သော ..."

သာယာဝတီမှ မင်းလှမြို့၊ ထိုမှတဆင့် မိုးညိုမြို့၊ မိုးညိုမှတဆင့် ဆိုင်ကယ်ကားစီးရသည်၊ ပြီးမှ လမ်းလျှောက်၊ တော်တော်ကလေး မောပန်းမှပဲ ကျေးတုံးလဲရွာသို့ ရောက်ပါ၏။ သာယာဝတီမှ မွန်းတည့်ချိန်မှစ၍ ထွက်လာရာ ညနေမိုးချုပ်ခါနီးမှပဲ ရောက်တော့သည်၊ အတော်ဝေးသားပဲ. . . ဟု ကျွန်တော် တွေးမိသော်လည်း သာယာသောရွာကလေးသို့ ရောက်လျှင် အမောပြေရပါသည်။ သစ်ရိပ်ဝါးရိပ်၊ တောင်ကမူ၊ တောပန်းရနံ့တို့အပြင် ကျေးတုံးလဲရွာသားတို့၏ လှိုက်လှဲပျူငှါသော အပြုံးကိုမြင်ရလျှင် ပျော်သွားရပါသည်။ ကန္တာရအလယ်က အိုအေစစ်ကို ရောက်သွားရသလိုပါပဲ။

သည်နေရာသို့ တစ်ခါတုံးက အင်းစိန်ကျမ်းစာကျောင်းမှာ စာသင်ပြီးနောက် ရောက်လာသော ဆရာမကလေး အယ်ဒီးနာသည် လာခဲ့သော ခရီးဝေးသဖြင့် ပြန်ဖို့ရန် ပျင်းသွားပါသတဲ့။ ထို့နောက်တွင်. . . သာယာသောရွာကလေးမှာ ပြန်ဖို့ အချိန်ဆွဲရင်း မပြန်ဖြစ်ပဲ နေမိရာ၊ ရွာသားတစ်ယောက်နှင့် အိမ်ထောင်ကျသွား၍ အင်းစိန်သို့ ပြန်မရောက်နိုင်တော့ပဲ ရှိသတဲ့။ သူတို့ ရွာသားတွေက ပြောတာကတော့ ကျေးတုံးလဲမြေကစေးသတဲ့။ ခြေချမိရင် မရုပ်နိုင်ဘူး။ ဒါကြောင့် သမီးချောချောတွေရှိရင် မလာစေနဲ့. . . ဆိုပဲ။ ရယ်စရာပြောတာဖြစ်ပါလိမ့်မည်။ တကယ်တော့. . . ကမ္ဘာမြေဆွဲအားဆိုသည် တစ်နေရာနှင့် တစ်နေရာ မကွဲပြားပါ။ မစွမ်းရင်းကရှိမှ ကန်စွန်းခင်းက ညိုတာဖြစ်ပါသည်။ ကျမ်းစာသင်တန်းဖွင့်ပွဲတွင် ဆရာမ အယ်ဒီးနာသည် ရယ်ရယ်မောမောနှင့် ကြိုဆိုနှုတ်ခွန်းဆက်ရင်း သူမအကြောင်း သက်သေခံပါသည်။ စင်စစ် သူမကို ဖမ်းဆုတ်သောအရာမှ ကျေးတုံးလဲမြေစေးထက် ကျေးတုံးလဲရွာသား၏ ချစ်ခြင်းမေတ္တာသာဖြစ်ပါ၏။ ယခုတော့ အသင်းတော်ကို ကူညီရင်း ငြိမ်းချမ်း၊ ရိုးသားသောဘဝတစ်ခုကို ပိုင်ဆိုင်နေပါပြီ။

ဘုရားသခင်၏ အကြံအစည်သည် အံ့ဩဖွယ်ဖြစ်၍ မမျှော်လင့်နိုင်အောင် ဆန်းကြယ်ပါသည်။ ယနေ့ ကျွန်တော်တို့ရှိနေသော အခြေအနေနှင့် နှိုင်းယှဉ်၍ နက်ဖြန်နေ့မှာ ဘာဖြစ်မည်ကို ခန့်မှန်းတွက်ချက်၍ မရနိုင်ပါ။ ကျွန်တော်တို့၏ အကြံအစည်သည် စင်စစ်ဘုရားသခင်ရှေ့မှာ သေးငယ်လှပါ၏။ ရှေ့တော်မှာ နှစ်သက်ဖွယ်ဖြစ်ဖို့ရန် ဆုတောင်းလျက် ဘုရားရှင်ပါဝင်ခြင်းအားဖြင့်သာ၍ ကြီးမြတ်သောအခြေအနေ၊ သာယာငြိမ်းချမ်းသောဘဝကို ရမည်အကြောင်း ယုံကြည်မျှော်လင့်ကြပါစို့။

**ဇွန်လ (၅) ရက်၊ ၂၀၀၇ ခုနှစ် (အင်္ဂါနေ့)**

ဘုရားသခင်၏ တန်ခိုးတော်သည် စောင့်ရှောက်တော်မူသော သင်တို့ အဘို့ ကောင်းကင်ဘုံ၌သို့ထားလျက် ရှိ၏။ (ရှင်ပေတရုဩဝါဒစာ၊ ပဌမစောင်၊ ၁း၅)

## “ကောင်းကင်အရပ်၌ ...”

သကြ်န်တွင်းမှာ အသင်းတော်များက ကျမ်းစာသင်တန်းများစီစဉ်ပြုလုပ်ကြ ကျွန်တော့်ကိုလည်း သတိတရ ဖိတ်ကြရာ. . . အိမ်တွင်းပုန်းနေသော ကျွန်တော်မှာ ခရီးထွက်လာရပါ၏။ ရန်ကုန်မြို့၊ သယ်န်းကျွန်းမှ ဆရာတော်ဆက်ဖက ဖိတ်ခေါ်၍ ရောက်သွားလျှင် ကောင်းကင်နိုင်ငံနှင့် စပ်ဆိုင်သောသက်သေခံချက်တစ်ခုကို ထူးဆန်းစွာ ကြားနာခဲ့ရပါ၏။ အသက်ရှစ်ဆယ်ကျော် ဖီးဖီးသဲလာသည် ပရိသတ်ကြားမှ ထွက်လာကာ သက်သေခံခွင့်တောင်းပြီးနောက်. . .

မနှစ်က ဇွန်လ (၁၀)ရက်နေ့မှာ ကျွန်မဖျားပြီး မေ့မျောသွားပါသည်။ အဲဒီမှာ ကျွန်မဝိညာဉ်က ကိုယ်နဲ့ကွာပြီး ကောင်းကင်နိုင်ငံကို ရောက်ပါတယ်။ မြက်ခင်းပါးပါး စိမ်းစိမ်းနဲ့ အလင်းဖျော့ဖျော့ ကောင်းကင်နိုင်ငံကို ရောက်တော့ အဖေ့ကို ကျွန်မတွေ့ခဲ့ရပါတယ်။ ပက်လက်ကုလားထိုင်မှာထိုင်ပြီး ကျမ်းစာဖတ်နေပါတယ်။ အဖေ့ကို နှုတ်ဆက်ပြီး သခင်ယေရှုဆီကို သွားပါတယ်။ သခင်ယေရှုကို မတွေ့ခဲ့ရပါဘူး။ သူထိုင်တဲ့ ကုလားထိုင်ကိုပဲ တွေ့ခဲ့ပါတယ်။ အဲဒီကုလားထိုင်ကရွှေနဲ့ ကြိမ်နဲ့ ယက်လုပ်ထားလို့ လက်နဲ့ စမ်းကိုင်ကြည့်ပါသေးတယ်။ ကောင်းကင်နိုင်ငံမှာ အလွန်ပျော်ရွှင်ခဲ့ပါတယ်။ ဒါပေမယ့် ကျွန်မပြန်လာခဲ့ရပါတယ်။ ကျွန်မသက်သေခံဖို့ ဘုရားသခင်က လောကကို တဖန်ပြန်လာစေတာလို့ ယုံကြည်ပါတယ်။ အခုကျွန်မ သက်သေခံနေပါပြီ။ သေရမှာ မကြောက်ပါဘူး။ ကောင်းကင်နိုင်ငံ တကယ်ရှိတယ်။ အလွန်ပျော်စရာ နေရာပါ။ ငြိမ်သက်ခြင်းကို ခံစားခဲ့ရပါတယ်။ ယုံကြည့်ကြပါ. . . ဟု ဖီးဖီးသဲလာက အားပါးတရ သက်သေခံပါ၏။

ဖျာပုံမြို့မှ စာရေးဆရာကြီး သာစိန်မင်းက. . . ကောင်းကင်နိုင်ငံဆိုတာ စိတ်ကူးယဉ်လား၊ တကယ်လား. . . ဟူသော စာအုပ်ကိုဖတ်ပြီးနောက် ကျွန်တော့်အား ခရစ်ယာန်ဖြစ်ပြီး ကောင်းကင်နိုင်ငံကို မယုံတဲ့သူရှိတယ်။ ကောင်းကင်နိုင်ငံသည် စိတ်ကူးယဉ်မဟုတ်။ နောက်ဆုံးသောနေ့မှာ ရောက်သွားခွင့်ရှိသောနေရာ ဖြစ်ပါသည်ဟု ဝေမျှပါ၏။ ယခု ဖီးဖီးသဲလာ၏ သက်သေခံချက်က ကောင်းကင်နိုင်ငံနှင့် သက်ဆိုင်သောယုံကြည်မှုကို ပို၍လေးနက်စေပါသည်။ သယ်န်းကျွန်းမှ အဖွားအိုကို ဘုရားရှင်သည် အသုံးပြု၍ ကျွန်တော်တို့အား တိုက်တွန်းခြင်းဟုသာ အောက်မေ့မိပါ၏။



**ဇွန်လ (၆) ရက်၊ ၂၀၀၇ ခုနှစ် (ဗုဒ္ဓဟူးနေ့)**

လျှာသည် ငယ်သောအင်္ဂါဖြစ်သော်လည်း အလွန်ဝါကြွားတတ်၏။ အဘယ်မျှလောက်များစွာသော ထင်းကို အနည်းငယ်သောမီးသည် ညှိနိုင်သည်ကို ကြည့်ပါလော့။ (ရှင်ယာကုပ်ဩဝါဒစာ၊ ၃း၅)

## “ဝါကြွားခဲ့သောလျှာ ...”

**တစ်ခါတုံးဆီက ဇွန်လ (၆)ရက်နေ့မှာ မိုးဖွဲဖွဲရွာခဲ့ပါသည်။ ဘုရားကျောင်းမှအပြန် ထီးမပါခဲ့ပါ။ မိန်းကလေးက ကြက်ဆင်တံဆိပ် ဖဲထီးအနက်ကြီးကို ဆောင်းထားပါသည်။ ထိုထီးအရိပ်အောက်သို့ တိုးဝင်လျှင် သူမက. . . ဘာလုပ်တာလဲဟု ခပ်မာမာမေးပါသည်။ မိုးခိုမလို့ဟု ဖြေရင်း သူမနားကို တိုးကပ်လျှင် မိန်းကလေးက မျက်စောင်းထိုးပါသည်။ ညနေခင်းဆည်းဆာအချိန်မှာပင် အဖြေပေးတော့လေ၊ စောင့်နေရတာကြာပြီဟု အရဲစွန့်၍ မေးမိပါ၏။ ချစ်စိတ်က ငယ်ထိပ်ရောက်နေသဖြင့် ဘာဘာညာညာ မဆင်ခြင်နိုင်။ လမ်းသွားလမ်းလာများကိုလည်း ဂရုမစိုက်နိုင်ခဲ့ပါ။ မိန်းကလေးကမူ. . . ဘယ်လိုဖြစ်နေတာလဲ။ လမ်းပေါ်မှာ ကြွေနဲ့ နေစမ်း။ အဲဒါကို မကြိုက်တာပေါ့. . . ဟု ဟောက်လေ၏။ ကျွန်တော်၏ အပိုးကျိုးသောမျက်နှာကို သနားသွားဟန်ရှိသည် ထင်ပါ၏။ သူများတွေကို လျှောက်မပြောရင် အဖြေပေးမယ်ဟု တိုးသက်စွာ ပြောပါသည်။ စိတ်ချပါ. . . မပြောပါဘူးဟု ကျွန်တော်က ပြန်ပြောသောအခါ. . . သူမက ဂတိအမျိုးမျိုးတောင်းပါသည်။ မိုးရွာသဖြင့် ကောင်းကောင်းမကြားရသော်လည်း အားလုံးပင် ဟုတ်ကဲ့ဟုဖြေပြီးနောက်တွင် သူမက တို့လည်း သူ့လိုပဲ ချစ်ပါတယ်. . . ဟု ဖြေလေ၏။ အံမလေး. . . ဝမ်းသာလွန်းသဖြင့် လဲသွားမလိုတောင်ဖြစ်၍ သူမက ဖမ်းဆွဲထားရပါသေးသည်။**

**ဝမ်းမြောက်စရာ သတင်းစကားကို ကျွန်တော် မခံစားနိုင်ခဲ့ပါ။ မူပျက်နေသော ကျွန်တော့်ကို အမေက ဖမ်းစစ်ရာ တစ်ညချင်းမှာပင် အကြောင်းပေါ်လေ၏။ ဂတိပျက်သည့်နောက် မထူးတော့ဟု အောက်မေ့ကာ သူငယ်ချင်းများကို ဝါကြွားရာမှအစ၊ တစ်ပတ်ပင်မကြာ၊ ရွာလုံးကျွတ်သိလေ၏။ မိန်းကလေး၏ မိဘများလည်းသိ၊ မောင်ဖွားများကလည်း သိသွားရာ သူမကို ငယ်ငယ်ရွယ်ရွယ်နှင့် ရည်းစားထားရမလားဟု ရိုက်နှက်ဆုံးမသည်တွင် နုငယ်သောချစ်ခြင်းနှင်းဆီသည် ကြွေလွင့်၍ ကျွန်တော်တို့ ဝေးကွာခဲ့ရပါသည်။**

**“ရှင်ယာကုပ်ဩဝါဒစာတွင်. . . လျှာသည်မီးဖြစ်၏။ လျှာကိုကား အဘယ်သူမျှ မအောင့်နိုင်၊ မဆုံးမနိုင်သော အဆိုးအညစ်. . ”ဟု သတိပေးထားပါသည်။ သေးငယ်သော အင်္ဂါဖြစ်လျက်ပင် လျှာသည် ဘဝတစ်ခု၏သေခြင်းနှင့် ရှင်ခြင်းကို အစိုးရခဲ့သောအကြောင်းကို ယနေ့တွင် ကျွန်တော် သက်သေခံပါ၏။**

**ဇွန်လ(၇) ရက်၊ ၂၀၀၇ ခုနှစ် (ကြာသပတေးနေ့)**

နှလုံးသည် အသက်၏အခြေအမြစ် ဖြစ်သောကြောင့်၊ သင်၏နှလုံးကို အထူးသဖြင့် စောင့်ရှောက်လော့။ (သုတ္တံကျမ်း၊ ၄း၂၃)

## "နှလုံး၏တန်ဖိုး ..."

ချိုသောမျက်နှာရှိ၍ သဘောကောင်းသော ဆရာမကလေးထူးမူကို သက်န်းကျွန်း အသင်းတော်မှာ တွေ့ခဲ့ရပါသည်။ ဓမ္မပညာကို ဆည်းပူးနေသော မိန်းကလေးသည် နှလုံးရောဂါအခံရှိ၍ မကြာခဏပင် သေလုမျောပါးဝေဒနာ ခံစားခဲ့ရပါသည်။ တဖြည်းဖြည်းနှင့်သည်းလာသောအခါ ခွဲစိတ်ကုသရန်လိုအပ်ပါသည်။ ခဲယဉ်းသောအနေအထားဖြစ်၍ ဆေးကုသရန်ကုန်ကျမည့် ငွေသိန်းနှစ်ဆယ်ကို ရရှိဖို့ခက်ခဲပါ၏။ သို့သော်လည်း ဘုရားရှင်သည် ကောင်းမြတ်တော်မူပါ၏။ သူတို့၏ ဆုတောင်းခြင်းကို နားညောင်း၍ ခွဲစိတ်ကုသခွင့်ရပါသည်။ နှလုံး၏အပေါက်ကို ဖာထေးရန်အတွက်အချိန် (၅)နာရီကြာပါသည်။ ထို (၅) နာရီ အချိန်တွင် နှလုံးအတုတစ်ခုနှင့် သွေးကြောများကို ဆက်သွယ်လျက် ဇီဝအလုပ်မပျက်အောင်ထိန်းချုပ်လုပ်ဆောင်ရပါသည်။ ထိုနှလုံးတုသည် စက်တစ်ခုသာဖြစ်၍ ပြည်ပမှ ဝယ်ယူရပါသည်။ တစ်ဆယ့်နှစ်သိန်း ပေးရပါသည်။

တကယ်တော့ ငါးနာရီသာအသုံးပြုရမည့် နှလုံးစက်တစ်လုံး၏တန်ဖိုးသည် ကျပ်(၁၂)သိန်းဖြစ်၍၊ အကယ်၍များတစ်နေ့ (၂၄)နာရီသာဆိုလျှင် ကျပ်သိန်းငါးဆယ်မျှကျသင့်လေမလားတွက်ချက်မိပါ၏။ တစ်ရက်သိန်း(၅၀)ဆိုလျှင် တစ်လ. . . ဆိုလျှင်ငွေများစွာဖြစ်သွားပါလိမ့်မည်။ တွက်ရင်းနှင့် နှလုံးတစ်ခု၏ တန်ဖိုးကို ထိတ်လန့်တကြားသိမှတ်ရလေသည်။ ဘုရားသခင်သာအခမဲ့ ဖန်ဆင်းပေးမထားလျှင် နှလုံးကိုဝယ်သုံးရန်မည်သူတတ်နိုင်ပါ့မလဲ။ ဆရာမထူးမူက သူမ၏ရင်ညွှန့်မှ ခွဲစိတ်သောဒဏ်ရာ အမာရွတ်ကိုပြလျက် ဘုရားသခင်ရဲ့ကျေးဇူးတော်ပဲဟု ချီးမွမ်းလျှင် ကျွန်တော်လည်း သဘောတူခဲ့ပါသည်။

သုတ္တံဆရာက နှလုံးသည်အသက်၏ အခြေအမြစ်ဖြစ်ကြောင်း သတိပေးပါသည်။ တန်ဖိုးကြီးသောနှလုံးသည် စောင့်ရှောက်ရန်အထူးလိုအပ်ပါ၏။ ရုပ်ခန္ဓာအတွက် အသားနှလုံးသည် အလွန်အရေးပါ၍ ဇီဝအသက်၏ အခြေဖြစ်သည့်နည်းတူ နံဝိညာဉ်အတွက် စိတ်နှလုံးသည် အလွန်အရေးပါ၍ ဝိဉာဏအသက်၏ အခြေဖြစ်ပါ၏။ ထိုနှလုံးများ သန့်ရှင်းရန်၊ ကြံ့ခိုင်ရန် ဂရုပြုရပါမည်။ ဆာလံဆရာက ဗျာဒိတ်တော်ကို နှလုံးထဲမှာ သိုထားပါပြီဟု ဆိုသကဲ့သို့ နှလုံးကျန်းမာရန် နှုတ်ကပတ်တော် ခွန်အားနှင့် နှလုံးသားကို အားဖြည့်ထားကြပါစို့။



**ဇွန်လ (၈) ရက်၊ ၂၀၀၇ ခုနှစ် (သောကြာနေ့)**

အဘယ်မည်သောဘုရားတို့အား ဝတ်ပြုမည်အရာကို ယနေ့ရွေးကြလော့။ ငါနှင့် ငါ့အိမ်သားဖြစ်လျှင် ထာဝရဘုရားကိုသာ ဝတ်ပြုမည်။ (ယောရှုမှတ်စာ၊ ၂၄း၁၆)

## "ဝတ်ပြုမည် ...."

သယ်န်းကျွန်းအသင်းတော် ကျမ်းစာသင်တန်းမှာ ဝတ်ပြုကိုးကွယ်ခြင်းအစီအစဉ်လည်း ပါဝင်ပါသည်။ ကျွန်တော်ရောက်သောနေ့က. . . မိသားစုတစ်ခုက အစီအစဉ်ကို ဦးဆောင်နေပါ၏။ ပလ္လင်ပေါ်တွင်. . . ပဒိုကဆောဝါးအမည်ရှိ ပုဂ္ဂိုလ်က တရားဟောပါသည်။ ဟေဗြဲသြဝါဒစာတွင် လာသောနှုတ်ကပတ်တော်ကို ဟောပြောတိုက်တွန်းပါသည်။ သူ၏ ဆည်မြောင်း ဌာနဝန်ထမ်းအတွေ့အကြုံနှင့် နှိုင်းယှဉ်ကာ သက်သေခံပါသည်။ အလွန်ခွန်အား ရသောတရားဟောချက် ဖြစ်ပါ၏။ သဘာပတိကတော့ သူ၏သမီးဖြစ်၍ သပ်သပ်ရပ်ရပ်၊ ယဉ်ယဉ်ကျေးကျေးနှင့် အလွန်ကျက်သရေရှိပါ၏။ သူ၏ဇနီးကမူ. . . ပြည့်စုံစွာ ဆုတောင်းပေးပါ၏။ သူ့သားကတော့ ဂုဏ်တော်ချီးမွမ်းခဲ့ပါသည်။ ဘုရားအမှုကို သူတို့မိသားစု ဆောင်ရွက်နေပုံက တကယ်အားကျစရာ၊ တကယ်လှပသည့်မြင်ကွင်းကလေးပါ။

ကျွန်တော့်အသင်းတော်မှာ ဒီလိုကိစ္စမျိုးမရှိပါ။ အဖေကရောက်လာလျှင် အမေကအိမ်စောင့်။ သားသမီးတွေရောက်လာလျှင် မိဘကမလာ။ တစ်ခါတလေများ ဘုရားကျောင်းကို ကိုယ်စားလှယ်လွှတ်သလို အလှည့်ကျပင် တက်လာကြသေးသည်။ မိသားစုကို ဒီကိုများ တာဝန်ပေးလို့ကတော့ ပြေးသွားကြလိုက်၊ ဒုန်းစိုင်းပဲ။ ပလ္လင်ပေါ်မှာ လင်နှင့်မယား၊ သားနှင့် သမီးအတူထိုင်ပြီး ဝတ်ပြုရမှာကို အလွန်ကြောက်ကြပါသည်။ မည်သို့ပင် တိုက်တွန်းသည်ဖြစ်ပါစေ။ မလုပ်ပါနဲ့ဆရာရယ်. . .။ မဖြစ်ပါဘူးဟု ပြောကာ ထွက်ပြေးကြပါ၏။ ထို့ကြောင့် ကျွန်တော်စိတ်ကူးများကို သယ်န်းကျွန်းမှာ ပဒိုကဆောဝါးတို့ မိသားစုက လုပ်ဆောင်သောအခါ ကြည်နူးမိပါသည်။

သမ္မာကျမ်းစာ၌ ယောရှုသည်. . . ဣသရေလအမျိုးသားတို့အား ဘုရားရွေးခွင့်ကို ပေးပါသည်။ အဘယ်မည်သောဘုရားကို ဝတ်ပြုမည်အရာကို ယနေ့ရွေးကြလော့။ ငါနှင့် ငါ့အိမ်သားဖြစ်လျှင် ထာဝရဘုရားကိုသာ ဝတ်ပြုမည်. . . ဟုဆိုခဲ့ပါသည်။ ဝတ်ပြုခြင်းဆိုသော စကား၏အနက်မှာ ဝတ္တရားကို ဆောင်ရွက်ခြင်းဟု နားလည်ရပါသည်။ ဘုရားသခင်ကို ကိုးကွယ်သောအခါ ဘုရားသခင်၏ ဝတ်ကိုလည်း ပြုရပါမည်။ ယုံကြည်သူတိုင်းတို့သည် ကိုးကွယ်ရုံမဟုတ်၊ အယောက်စီတိုင်း ဝတ်ပြုသောအရာမှာ ပါဝင်သင့်ပါသည်။ ငယ်စဉ်ကာလကပင် အလှူငွေကောက်ခြင်း၊ ပန်းအိုးထိုးခြင်း၊ သန့်ရှင်းရေးဆောင်ရွက်ခြင်းမှစ၍ ဘုရားဝတ်၌ မွေ့လျော်သောသူငယ်တို့သည် အိုသောအခါ လမ်းမလွဲ၊ ဘုရားရှင်အမှု၌ တတ်နိုင်သည့်ဖက်က ဆက်ကပ်လာကြသည်ကို တွေ့ရပါ၏။

**ဇွန်လ (၉)ရက်၊ ၂၀၀၇ ခုနှစ် (စနေနေ့)**

အားနည်းသောသူတို့ကို မစရမည်ကိုင်၊ အစွန့်အကြဲခံရခြင်းအရာထက်၊ စွန့်ကြဲခြင်းအရာသည်သာ၍ မင်္ဂလာရှိသည်ဟု. . . သခင်ယေရှုမိန့်တော်မူသော စကားတော်ကို အောက်မေ့ရမည်။ (တမန်တော်ဝတ္ထု၊ ၂၀း၃၅)

## "သာ၍မင်္ဂလာရှိသည် ...."

သယ်န်းကျွန်းအသင်းတော်မှမပြန်ခင်. . . ဘုရားကျောင်းကလေးကို လှည့်ပတ်ကြည့်ရှုမိပါသည်။ နှစ်ထပ်အုတ်တိုက်ဖြစ်၍ အတော်ကြီးမားပါသည်။ ကျောင်းနားမှာ ရေကန်ကြီးရှိ၍ သစ်ပင်ဝါးရိပ်တို့ဖြင့် သာတောင့်သာယာရှိပါသည်။ ရန်ကုန်မြို့ထဲမှာ ဒီလိုနေရာတစ်ခုအတွက် ငွေသိန်းရာချီ၍ ကျသင့်ပါလိမ့်မည်။ အတူတူရပ်၍ ကျောင်းကို ငေးမောနေသော အသင်းတော်မှ ဒေါ်မူဖောကို ခင်ဗျားတို့ သူဌေးတွေပဲ။ ဒီလိုနေရာမှာ. . . ဘုရားကျောင်းအကောင်းစားနဲ့ နေနိုင်တာကို. . . ဟု ချီးကျူးလျှင် သူမကရယ်၍. . . ကျေးဇူးတော်ပေါ့ဆရာရယ်။ ကျွန်မတို့ ဒီနေရာကို ရဖို့အတော်ကြိုးစားခဲ့ရပါတယ်။ အရစ်ကျနဲ့ ဝယ်ခဲ့ကြတာပါ။ နောက်ဆုံးအရစ်ငွေ မပေးနိုင်တဲ့အခါ ဆုံးမလိုဖြစ်ပြီး ပြဿနာတက်တော့. . . ဆရာကြီး ဦးအောင်ဒင် (ဘုန်းတော်ဝင်းစားခဲ့ပါပြီ)ကို ဆုတောင်းခိုင်းတာပေါ့။

ဆရာကြီးက ဆုတောင်းပေးပါတယ်။ တော်တော်နဲ့မရဘူး။ ဒါပေမယ့်. . အမြဲဆုတောင်းတယ်။ မလျှော့ဘူး။ နောက်ဆုံးတော့. . . မော်ဘီက သူ့ခြံကိုရောင်းပြီး ကျွန်မတို့ကိုလိုတဲ့ငွေအားလုံးကို လှူလိုက်တယ်။ အဲဒီတော့မှ ငွေကြေပြီး ဝယ်နိုင်တာ။ အခုတော့ ဈေးတွေတက်လာပြီလေ။ ပိုပြီးဝမ်းသာတာက. . . ဓမ္မဆရာတစ်ယောက်ရဲ့ အလှူငွေလည်းပါရုံမက၊ ဆုတောင်းခြင်းလည်း ပါဝင်ခဲ့တာကြောင့် ဖြစ်ပါတယ်. . . ဟု ပြောပြလေသည်။ ဆရာကြီး ဦးအောင်ဒင် ခမျာ နေ့နေ့ညညလာ၍ ပူဆာကာအမြဲဆုတောင်းခိုင်းသော အမျိုးသမီးအဖွဲ့ကြောင့် နောက်ဆုံးကိုယ်ပိုင်ခြံကိုရောင်းကာ ငွေပေးလှူလိုက်သောအကြောင်းကို ကြားရလျှင် အလွန်ခံစားရပါသည်။ ဘုရားအမှုကိုဆောင်၍ ဘုရားရှင်ပေးသနားသမျှကိုသာ ကျေနပ်စွာခံယူသော ရိုးသားသည့် သင်းအုပ်ဆရာကြီးသည် ဘုရားရှင်ကလိုချင်၍ တောင်းသောအခါ. . . ရှိသမျှကို စွန့်၍ ပေးလိုက်နိုင်ပါသည်။ ဘုရားသခင်ကိုပလ္လင်ပေါ်၌သာမဟုတ်။ နေရာတိုင်းမှာ အစေခံ၍ ပေးလှူနိုင်သောဆရာကြီးကို အောက်မေ့မိပါ၏။ ဂုဏ်ပြုမိပါသည်။ ချီးကျူးမိပါသည်။

ကျွန်တော်တို့၏ အသက်တာ၌ ဘုရားသခင်ထံမှ ကောင်းကြီးမင်္ဂလာရဖို့ရန် နေ့စဉ်ဆုတောင်းသလို နေ့စဉ်လည်း ကျေးဇူးတော်ကို ခံစားရကြပါ၏။ ဘုရားသခင်၏ ပေးသောလက်ကိုသာမြင်၍ ဘုရားရှင်၏ တောင်းသောလက်ကိုမူ ဂရုမပြုပဲ မနေရပါ။ မထင်ရှားသောအရာကို မြင်သော သင်တို့အဘသည် အကျိုးကို ထင်ရှားစွာပေးလတ္တံ့ဟု ကျမ်းစာလာပါ၏။ ဘုရားရှင်ကို ပေးဖို့ရန် ဘာတွေများ ပြင်ဆင်ထားပါသလဲ. . . မိတ်ဆွေ။



**ဇွန်လ (၁၀) ရက်၊ ၂၀၀၇ ခုနှစ် (တနင်္ဂနွေနေ့)**

ထိုနေ့ရက်ကို အောက်မေ့လော့။ ခြောက်ရက်ပတ်လုံး အလုပ်မျိုးကို ကြိုးစား၍ လုပ်ဆောင်လော့။ သတ္တမနေ့ရက်သည် ထာဝရဘုရား၏ ဥပုသ်နေ့ဖြစ်၏။ (ထွက်မြောက်ရာကျမ်း၊ ၂၀း၈)

## "အမှတ်တမဲ့ ..."

သကြ်န်မကုန်ခင်မှာပဲ သယ်န်းကျွန်းမှာနေ၍ စာဘူးတောင်းအသင်းတော်သို့ ခရီးဆက်ရပါသည်။ ဇမာနွေလ လူငယ်များ၏ ကျမ်းစာသင်တန်းကို လှည်းကူးမြို့အနားက စာဘူးတောင်းကျေးရွာမှာသွားလုပ်သဖြင့်၊ ထိုရွာမှာ နှစ်ရက်တာနေခဲ့ရပါ၏။ စင်စစ်. . ကျွန်တော့်မိခင်နော်စိန်လှ၏ မွေးရပ်မြေဖြစ်သော်လည်း တစ်ကြိမ်သာရောက်ဖူးပါသည်။ တစ်ခါတုံးက ထင်ရှားသော သမိုင်းဆိုင်ရာဒေသတစ်ခုလည်းဖြစ်ရာ ရောက်ဖူးချင်ပေမယ့် မရောက်ခဲ့ပါ။ ကျွန်တော့်ကို ဇမာနွေလအသင်းတော်မှ သင်းထောက်ကြီးဦးကျော်မြင့်နှင့် ဦးအောင်အေးတို့က ဆလွန်းကားကြီးနှင့်လာ၍ ကြိုပါသည်။ ထိုကားနှင့်သွားရလျှင် အင်မတန်ဇိမ်ရှိပါသည်။ ပတ်ဝန်းကျင်မှ သကြ်န်မြင်ကွင်းကို အလုံပိတ်မှန်ထဲမှ ကျကျနနကြည့်ရင်း ငေးမောရင်းလိုက်ပါလာခဲ့ပါသည်။

ဦးကျော်မြင့်နှင့် ဦးအောင်အေးကား သင်းထောက်များဖြစ်၍ ခင်မင်ကြပါသည်။ အသင်းတော်အမှု၌ ဆက်ကပ်ပါဝင်၍ မိမိတို့၏အချိန်၊ နာရီ၊ ငွေများကို ပေးလှူသူများဖြစ်၍ ကျမ်းစာသင်တန်းကိုလည်း အားတက်သရောကူညီကြသူများ ဖြစ်ပါ၏။ ဇနီးသည်၊ ကလေးတို့ကိုပါမကျန် ခေါ်လာကြပါ၏။ ဆွေးနွေးစရာလည်းများသဖြင့် လှည်းကူး၊ ဖောင်ကြီးလမ်းပေါ်သို့ရောက်လျှင် သူတို့၏ ဆွေးနွေးပွဲမှာ အရှိန်ပို၍ မြင့်လာလေသည်။ ကျွန်တော်ကပတ်ဝန်းကျင်ကို ငေးကောင်းကောင်းနှင့် ကားက ဘယ်ရောက်နေမှန်းမသိ။ တကယ်တော့ စာဘူးတောင်းရွာကို ကျော်လာတာကြာပါပြီ။ သင်းထောက်နှစ်ယောက်က စကားရှိန်ကောင်း၊ စာရေးဆရာကငေးနှင့် နောက်ဆုံးတော့ကားက ရိုးမတောင်ခြေထိ ရောက်လာပြီး၊ အဝေးပြေးလမ်းသစ်ကြီးကိုမြင့်တော့မှ ကားမောင်းသူ ဦးအောင်အေးက. . . ဟာ၊ ဟ. . . ဘယ်ရောက်ကုန်ပြီလဲဟု အလန့်တကြားမေးပါသည်။ မရောက်ဖူးသော ကျွန်တော်က အဖြေမပေးနိုင်။ စကားစတန်းလန်းနှင့် ဦးကျော်မြင့်က. . . ဟုတ်ပါရဲ့။ လွန်သွားပြီထင်တယ်. . . ပြန်လှည့်ရအောင်. . . ဟု ပြော၍ နောက်ကြောင်းပြန်ပြီး စာဘူးတောင်းရွာကို ရှာရလေသည်။ သင်းထောက်ကြီးနှစ်ယောက် ရှက်မှာစိုး၍ ထိုအကြောင်းကို စာဘူးတောင်းမှာ မပြောပဲ ကျွန်တော်နေခဲ့ပါသည်။

ဥပုသ်နေ့၏ အဓိပ္ပါယ်မှာ ရပ်နားခြင်း (Stop) ဖြစ်၍ ဘုရားရှင်ကပင် ရပ်နားခဲ့ပါသည်။ ကျွန်တော်တို့လည်း ရပ်နားရန်သိ၍ ကြိုးစားကာရပ်နားမည်ပြုသော်လည်း သတိမေ့၍ အရှိန်လိမ့်ကာ မရပ်နားခဲ့တာမျိုးရှိပါလိမ့်မည်။ အရေးမကြီးဟု အောက်မေ့သော်လည်း စင်စစ်ပညတ်တော်ဆယ်ပါးမှတစ်ပါးကို လွန်ကျူးခဲ့ကြောင်းကို နားလည်သိမှတ်ကြပါစို့။

**ဇွန်လ (၁၁)ရက်၊ ၂၀၀၇ခုနှစ် (တနင်္လာနေ့)**

ထိုဘုရားသည် မောသောသူတို့အား ခွန်အားကို ပေးတော်မူ၏။ နွမ်းနယ်သော သူတို့အား အစွမ်းသတ္တိနှင့် ပြည့်စုံသောအခွင့်ကို ပေးတော်မူ၏။ (ဟေရှာယအနာဂတ္တိကျမ်း၊ ၄၀း၂၉)

## "ကာကွယ်သောသူ ..."

**ကျေးရွာကလေးပင် ဖြစ်လင့်ကစားစာဘူးတောင်းကားနာမည်နှင့် လိုက်အောင် အိမ်ခြေများ၍ လမ်းတွေက ရှုတ်ရှုတ်ထွေးထွေး။ ကောက်ကောက်ကွေးကွေး။ ကုန်းတက်ကုန်ဆင်းဖြစ်ပါသည်။ ပင်အို၊ ပင်ပျိုတို့ကလည်း သီးပွင့်ဝေဆာရှိ နေရာအရိပ်ကလည်းကောင်း၍ ရွာထဲမှာ မှောင်ရိပ်ိုးဝါးနှင့် အိမ်မက်ရွာထဲရောက်သွားရသလိုပါပဲ။ သင်တန်းကျောင်းပရာ ဘုရားကျောင်းကိုရောက်တော့. . . အလို၊ ကြီးမား၍ ခန့်ညားလှပါသည်။ တော်ရုံတန်ရုံမြို့ပေါ်က ဘုရားရှိခိုးကျောင်းများထက်ပင်ပို၍ သားနားကာသပ္ပါယ်သပ်ရပ်ပါ၏။ ကျေးရွာသည် လောကအရာမှာ နိမ့်ကျချင် နိမ့်ကျမည်။ ဝိညာဉ်ရေးမှာတော့ မြင့်မားသောအဆင့်အတန်းရှိသည်ကို ခန့်မှန်းမိပါ၏။**

**သင်းအုပ်ဆရာကြီး စောတိတုက လှိုက်လှဲပျူငှာစွာ ကြိုဆို၍ ဧည့်ဝတ်ပြုပါ၏။ အံ့ဩစရာကတော့ အသင်းတော်၏ ဆရာကြီး ကလစ်ပတန်တီး ဟူသော ကမ္ဘာအဆင့်မီ လက်ဘက်ရည်နဲ့ ဧည့်ခံတာပါပဲ။ အကောင်းစားလက်ဘက်ရည်ကို သောက်ရင်း တစ်နှစ်က ဆရာကတော် ဘုန်းတော်ဝင်စားသွားသည့်အကြောင်းကို ပြောဖြစ်ပါ၏။ အသက် (၅၆) အရွယ် ဆရာကတော်သည် ကလေး (၈)ယောက်နှင့် ဆရာ့ကို ရုတ်တရက်ခွဲခွာသွားလျှင် ဆရာသည် အတော်ပင်ခံစားခဲ့ရပါသည်။ လောက၌ အခက်ခဲဆုံးသောအမှုကို ရင်ဆိုင်ရသဖြင့် လူသားဆန်စွာပင် ဆရာသည် ကြေကွဲလျက် ဘာမှမလုပ်နိုင်အောင် အရုပ်ကြိုးပြတ်ဖြစ်ခဲ့ရပါသည်။ လက်တွဲဖော်ချစ်သူ၏ နေရာတစ်ခု ရုတ်တရက်လစ်ဟာသွားလျှင်. . . အသင်းတော်ကိစ္စ၊ အိမ်ထောင်မှု၊ နှစ်ဌာနမှာ ဦးဆောင်ရပ်တည်ဖို့ ခက်ခဲသွားပါသတဲ့။ ခက်တာက. . . ခွင့်ယူ၍ရသော ဌာနများမှ မဟုတ်ပဲ၊ ကြေကွဲခြင်းမှ မနည်းအားယူ၍ ထရပ်ခဲ့ရပါသည်။**

**မိသားစုမှာ ကျွန်တော်ဟာ ဖခင်တစ်ယောက်၊ အသင်းတော်မှာလည်း ဖခင်တစ်ယောက်ဖြစ်တဲ့ ကျွန်တော်ဟာ ကောင်းတဲ့ပုံ သက်သေကိုပြရမယ်ဆိုတာ သိပါတယ်။ သို့သော်. . . တကယ့်ကို ခက်ခဲပါတယ်။ ဘုရားရှင်ထဲမှာ ခွန်အားယူရပါတယ်။ ကျွန်တော့် ခွန်အားနဲ့ဆိုရင် ဘုံးဘုံးလဲပြီး သူမရဲ့ နောက်ကို လိုက်သွားဖို့ပါပဲဟု သက်သေခံပြောပြပါ၏။ ဖခင်** (Father) ၏ ပဌမစကားလုံး F ၏အဓိပ္ပါယ်မှာ Fend ဖြစ်၍ ကာကွယ်ခြင်းဟု သိမှတ်ရပါသည်။ အိမ်ထောင်၌ ပြဿနာဖြစ်လာတိုင်း၊ အန္တရာယ်ရှိလာတိုင်း ဖခင်က ကာကွယ်သူအမြဲ ဖြစ်ရပါသည်။ တကယ်တော့ ဖခင်ဆိုတာ စူပါမင်းမဟုတ်ပါ။ လူသားများ သာဖြစ်၍ ခွန်အားနည်းနိုင်ပါသည်။ သို့သော်မိသားစုအရေးအခင်းများ၌ ကာကွယ်ရန် ဦးစွာမတ်တပ်ရပ်ရသူများဖြစ်၍ ကျေးဇူးတင်ရန် လိုအပ်ပါ၏။



**ဇွန်လ (၁၂ ) ရက်၊ ၂၀၀၇ ခုနှစ် (အင်္ဂါနေ့)**

ငါ၏သားသမီးတို့သည် သမ္မာတရား၌ ကျင်လည်သည်ကို ငါကြား၍ ဝမ်းမြောက်ခြင်းထက်သာ၍ ဝမ်းမြောက်ခြင်းမရှိ။ (ရှင်ယောဟန်ဩဝါဒစာ၊ တတိယစောင်၊ ၁း၄)

## "ပွဲကိုင်သောသူ..."

ကျမ်းစာသင်တန်းမှာ သားနှစ်ယောက်ပါဝင်သောကြောင့် ဖခင်ဖြစ်သူ ဦးကျော်မြင့်မှာ ဝမ်းသာနေပါသည်။ များစွာသောလူငယ်တို့ သကြ်န်ကာလတွင် ပျော်ရွှင်မှုနောက်သို့ လိုက်ပါသွားစဉ် သူ၏သားနှစ်ယောက်က လိမ်လိမ်မာမာနှင့် ကျမ်းစာသင်တန်းမှာ ပါဝင်နေပါသည်။ တကယ်လည်း တော်ကြသူတွေဖြစ်ရာ သူတို့ပါဝင်သောသီချင်းဆိုပြိုင်ပွဲ၊ ပြဇာတ်ပြိုင်ပွဲဆိုလျှင် ဖခင်ဦးကျော်မြင့်သည် ရှေ့ဆုံးမှနေ၍ လက်ခုပ်တီးကာ အားပေးလေသည်။ သားနှစ်ယောက်က တစ်ဖွဲ့စီဖြစ်ပါသည်။ ထိုအခါ ဇနီးမောင်နှံ နှစ်ယောက်ခမျာ အားပါးတရလက်ခုပ်မျှ တီးရင်းမောပန်းကာ အိပ်ယာသို့ဝင်သောအခါတိုင်အောင် အားပေးသံမတိတ်နိုင်သေး။ အိပ်ပျော်စဉ်မှာပင် အိပ်မက်ထဲမှာ အားပေးနေသေးဟန်ရှိပါသည်။ ဆရာတိတု၏ အိမ်မှာ ဆရာရွှေလင်းနှင့်အတူ ကျွန်တော်အိပ်ရပါ၏။ ဆရာရွှေလင်းက ဦးကျော်မြင့်တို့ ဇနီးမောင်နှံအိပ်နေသည်ကို ကြည့်ကာ. . .

တော်တော်ထူးတဲ့ သင်းထောက်ကြီးဗျ။ သူ့သားနှစ်ယောက်ကို အရမ်းဂုဏ်ယူတာပဲဗျ။ သိပ်လည်းအားပေးတာပဲ။ အေးလေ. . . ဂုဏ်ယူလောက်အောင်လည်း လိမ္မာတဲ့ကလေးတွေကိုး ဟု ပြောပြပါသည်။ ထိုစဉ် ဦးကျော်မြင့်က အိပ်နေရင်းမှ. . . အကြီးကောင်ကတော့ ရည်းစားရှိပြီဆရာရေ့။ သူ့ကောင်မလေးက ချောချောလှလှ လိမ်လိမ်မာမာ။ အငယ်ကောင်ကတော့. . . ချေးများတယ်။ စွံလည်းမစွံပါဘူး။ ရည်းစားမရှိသေးဘူး. . . ဟု ယောင်ယမ်းပြောဆိုပြီးမှ အိပ်မောကျနေသေးသည်။ ဆရာရွှေလင်းက. . . အဲဒါပဲကြည့်တော့။ သားတွေကို ဘယ်လောက်ဂရုစိုက်ပြီး ပွဲပြင်လမ်းပြလဲဆိုတာ. . . ဟု ကျွန်တော့်အား ပြောပြပါသည်။

ဖခင် (Father) ဆိုသောစကား၏ ဒုတိယမြောက်စာလုံးမှာ A ဖြစ်ပါသည်။ A ၏ အဓိပ္ပါယ်မှာ Abaft ဖြစ်ပါသည်။ ပွဲပိုင်းဟူသောအနက်ရင်းမှာ လမ်းပြမှုဟူသော အဓိပ္ပါယ်ရှိပါ၏။ ဖခင်များသည် သားသမီးများကို ဘဝအတွက် လမ်းပြမှုကို ချပေးနိုင်ကြပါသည်။ သားသမီးများက ဘာဖြစ်ချင်တယ်၊ ဘာလုပ်ချင်တယ်. . . ဟုပြောသော်လည်း တကယ်တော့ ကိုယ့်သားသမီးတွေ ဘာနှင့်ထိုက်တန်သည်၊ ဘာလုပ်ပေးသင့်သည်ကို ဖခင်များက အသိဆုံးပေါ့။ တရုတ်စကားပုံတစ်ခု၌ သားသမီးများကို ဖြစ်မြောက်အောင် ပြုစုသောအရာသည် ဖခင်တို့၏အိမ်စာဖြစ်ပါသတဲ့။ သားသမီးများလမ်းမလွဲအောင် ပွဲပြင်၍ လမ်းပြသော ဖခင်များကို ကျေးဇူးတင်ဖို့ကို ယနေ့တွင် သတိရကြပါစို့။

**ဇွန်လ (၁၃)ရက်၊ ၂၀၀၇ခုနှစ် (ဗုဒ္ဓဟူးနေ့)**

သူငယ်သွားရာလမ်း၌ ဆုံးမသွန်သင်လော့။ သို့ပြုလျှင် သူသည်အိုသောအခါ ထိုလမ်းမှ မလွဲလိုက်သွားလိမ့်မည်။ (သုတ္တံကျမ်း၊ ၂၂း၆)

## "သင်ကြားပေးသောသူ ..."

**ယောက်ျားဘသား၊ ဖအေတူသား. . . စသောစကားများကို ကျွန်တော်တို့ ကြားဖူးပါသည်။ ဘမျိုးဘိုးတူဟူသော စကားလည်းရှိပါသည်။ ကျွန်တော်၏သားကို သူ့အဖိုးက နေ့စဉ်ဘောလုံးကန်ပညာကို သင်ပေးရာ၊ အတော်ကလေးထူးချွန် လာပါသည်။ အရွယ်တူချင်း၌ အကောင်းဆုံးဆုတွေရလျှင် သူ့အဖိုးက ဂုဏ်ယူပါ၏။ သူ့အဖိုးဆုံးသော်လည်း သူကတော့ ဘောလုံးကန်ခြင်းကို မရပ်နိုင်။ ဆက်၍ ကစားလေ၏။ သား၏သူငယ်ချင်းနှင်းပွင့်ဖြူ၌ ဖခင်ဦးစိန်အုပ်ရှိပါသည်။ သူ့သမီးကို အလွန်ချစ်၍ နေ့စဉ်အင်္ဂလိပ်စာသင်ပေးပါသည်။ ဘွဲ့ရသည့်တိုင် ကျူရှင်တွေမတက်ရပါ။ ဖခင်ကိုယ်တိုင်က ပညာရေးကို လိုလား၍ စာပေဗဟုသုတလည်း နှံ့စပ်သောဖခင်သည် သမီးကို နေ့စဉ်စာသင်ပေးပါသည်။ သမီးများက ဖခင်၏ စေတနာကို သိသော်လည်း မကြိုးစားနိုင်ကြ။ ငယ်သောအရွယ်ဖြစ်၍ အိပ်ချင်ကြပါ၏။ ထိုအခါ ဖခင်က အမျိုးမျိုးချော့မော့၍ သင်ကြားပေးပါသည်။ နောက်ဆုံးတွင် နှင်းပွင့်ဖြူသည် ပညာရေးမှာ အောင်မြင်၍ လုပ်ငန်းခွင်သို့ ဝင်နိုင်အောင် အခွင့်အလမ်းရခဲ့ပါသည်။**

**ဖခင်တို့သည် သားသမီးများကို သင်ကြားပေးသူများဖြစ်ပါသည်။ ဖခင်တစ်ယောက်၏ နေထိုင်မှုပုံစံကပင် သင်ကြားပေးခြင်းတစ်မျိုး ဖြစ်ပါသည်။ ကျွန်တော်တို့၏ အသက်တာတွင် ဖခင်တို့၏ သင်ကြားပေးမှုကိုလိုက်နာ၍ ဘဝတွင်အောင်မြင်မှုရသောသူများစွာ အကြောင်းကို ကြားဖူး၊ တွေ့ဖူးပါလိမ့်မည်။** Father (ဖခင်)၏ တတိယစာလုံးမှာ T ဖြစ်ပါသည်။ T ၏အဓိပ္ပါယ်မှာ Teach သင်ကြားခြင်း၊ သွန်သင်ခြင်း ဖြစ်ပါသည်။ သင်ကြားခြင်းသည် အရေးပါသော အလုပ်တာဝန်ဖြစ်ကြောင်း ရှေးရှေးက ဖခင်များပင် သိနားလည်၍ သမ္မာကျမ်းစာကာလ၌ ယုဒလူမျိုးတို့သည် ညအချိန်ရောက်လျှင် အိမ်ခေါင်မိုးအပြန့်သို့ တက်ကာ သားသမီးများကို၊ လောကဝတ်၊ ဓမ္မဝတ်များသင်ပေးခဲ့ကြောင်း သိမှတ်ရပေသည်။ ယနေ့တိုင်အောင်လည်း ပညာရပ်များကို သင်ပေးသောကျောင်း၊ တက္ကသိုလ်မည်မျှ များပြားပါစေ။ ဖခင်တို့၏ သင်ကြားမှုကတော့ လိုအပ်နေဆဲ ဖြစ်ပါသည်။

သုတ္တံဆရာဟု အမည်ရသော ရှင်ဘုရင်ရှောလမုန်သည် သားကို ဆုံးမသွန်သင်ခြင်း အရာ၌ စံပြဖြစ်ပါသည်။ သူ၏သုတ္တံစကားအားလုံးသည် သားဆီသို့ ဦးတည်ရုံမက စစ်မှန်သောဖခင်တစ်ဦး၏မေတ္တာ၊ စေတနာသည် အထုအထည်ကြီးလွန်းသဖြင့် ကမ္ဘာတည်သရွေ့ သမ္မာကျမ်းစာဝင်ဖြစ်ခွင့်ရသည်ကို ဆင်ခြင်ကြပါစို့။



**ဇွန်လ (၁၄) ရက်၊ ၂၀၀၇ ခုနှစ် (ကြာသပတေးနေ့)**

ရှင်ဘုရင်ကလည်း သင်မပြတ်ကိုးကွယ်သောဘုရားသခင်သည် သင့်ကို ကယ်လွှတ်ပါစေ. . . ဟု ဒံယေလကို မိန့်တော်မူ၏။ (ဒံယေလအနာဂတ္တိကျမ်း၊ ၆း၁၆)

## "ရိုးသားသော...သူ ..."

**တာချီလိတ်မြို့အနားမှာ မယ်ဟုတ်ဝမ်ကော့ကျေးရွာ၏ အသင်းတော် သင်းအုပ်ဆရာဦးအားညီသည် အိမ် (၅၆)အိမ်ရှိသော ရွာကလေးမှာနေပါ၏။ ဇနီးနန်းကတ်နှင့် အိမ်ထောင်ကျ၍ မိုင်းယောင်းဖက်မှာ နေထိုင်စဉ် တစ်နေ့သ၌ သောင်းကျန်းသူများ ဖမ်းဆီး၍ မတရားစွပ်စွဲခံရကာ ညှင်းပန်းနှိပ်စက်ခံရပါသတဲ့။ သူနှင့်အတူ အဖော်တစ်ယောက်လည်းပါကာ ည၌အချိန်တွင် သစ်တိုင်၌ တုတ်နှောင်ခြင်းခံရပါသည်။ သူ့အဖော်က မိုးရေကိုသောက်၍ ငါးရှဉ့်ဂါထာကို ရွတ်ကာ လောကီပညာနှင့် အချုပ်အနှောင်မှ လွတ်မြောက်သွားလေ၏။**

**သူကတော့ ထာဝရဘုရားကို အားကိုးယုံကြည်သူဖြစ်၍ ဆုတောင်းရုံမှတစ်ပါး ဘာမှ မတတ်နိုင်ခဲ့ပါ။ နောက်တစ်နေ့တွင် သူ့ကိုသတ်ဖို့ ကျင်းတူးခိုင်းပြီးမှ ကျင်းထိပ်တွင် ရပ်ခိုင်းကာ သေနတ်နှင့်ပစ်မည်အပြုတွင် သူက. . . 'ခဏကလေး သည်းခံပါ။ ကျွန်တော်ခရစ်ယာန်ဘာသာဝင်ဖြစ်လို့ ဆုတောင်းပါရစေ။ ပြီးမှသတ်ချင်သတ်ပါ။' ဟု တောင်းပန်လေ၏။ သူ့ဦးခေါင်းကို ဗိုလ်လုပ်သူက ကန်ပြီး 'တောင်း၊ မကြာစေနဲ့'ဟု ပြောပါသတဲ့။ သူလည်း ရသည့်အချိန်တွင် ဘုရားကို အာရုံပြုကာ. . . ဆက်ကပ်ဆုတောင်းလေ၏။ အလိုတော်အတိုင်းပါပဲသခင်။ ကျွန်တော်ဘုရားသခင်ကို ယုံကြည်ပါသည်။ ကိုယ်တော် ကယ်နိုင်ပါ၏။ ကယ်လိုက ကယ်ပါ။ သေရမည်ဆိုလျှင်လည်း ကျေနပ်ပါ၏'ဟု ဆုတောင်းလျှင် ငယ်သားတစ်ယောက်စိတ်နှလုံးတုန်လှုပ်လျက် ဗိုလ်နှင့်အခြေအတင် စကားများလေသည်။ ဒီလူဟာ စွပ်စွဲခံရတာနဲ့ မပတ်သက်လောက်ဘူး။ လူကောင်းဖြစ်မှာပဲ။ လူသူတော်ကောင်းကို ငါတို့ မသတ်ဝံ့ဘူးဟု ဆိုရာ ဗိုလ်ကလည်း ငယ်သားများစိတ်ဝမ်းကွဲမည် စိုးရိမ်၍ ဦးအားညီကို မသတ်ပဲလွှတ်ပေးလိုက်ပါ၏။ သို့သော်. . . ရိုးသားသည့်လူကြီး၏ ခေါင်းကိုကန်သည့်ခြေမှာ. . . တစ်နေ့တွင် တိုက်ပွဲ၌ ကျည်သင့်၍ ဖြတ်ပစ်ရကြောင်း နောက်ပိုင်းသတင်းကြားရလေသည်။**

Father (ဖခင်)၏ စတုတ္ထစာလုံးမှာ H (Honest) ရိုးသားမှုဖြစ်ပါသည်။ ဖခင်တို့သည် သားသမီးများအပေါ်ရိုးသား၍ သားသမီးများ၏ ရိုးသားမှုကိုလည်း နှစ်သက်ပါသည်။ ရိုးသားသောဖခင်တို့၏ အမွေကိုသားသမီးများ လက်ဆင့်ကမ်းခံယူရန်ဖြစ်ပါသည်။ မိသားစု၊ ပတ်ဝန်းကျင်နှင့် ဘုရားသခင်အပေါ်၌ ရိုးသားစွာယုံကြည်၍ အားကိုးသောဖခင်ဦးအားညီကဲ့သို့ပင် ကျွန်တော်တို့၏ ဖခင်များ၏ ရိုးသားမှုကို ဂုဏ်ပြုကြပါစို့။

**ဇွန်လ (၁၅) ရက်၊ ၂၀၀၇ ခုနှစ် (သောကြာနေ့)**

လျှပ်ပေါ်ခြင်းအားဖြင့် ဥစ္စာသည် လျော့တတ်၏။ ကြိုးစားအားထုတ်၍ ဆည်းပူးသောသူ၏ ဥစ္စာမူကား၊ ပြန့်ပွားတတ်၏။ (သုတ္တံကျမ်း၊ ၁၃း၁၁)

## "ကြိုးစားသောသူ ..."

**ရှေးရှေးက ဒီနေရာကလေးမှာ မယ်ဇလီပင်ရှိပါလိမ့်မည်။ ပြီးတော့ မယ်ဇလီပင်ကြီးကို အမှီပြု၍ လှေဆိပ်ဖြစ်လာပါသည်။ လှေဆိပ်သည် တဖြည်းဖြည်းစည်ပင်လာ၍ ရွာကြီးမှသည် မြို့ဖြစ်လာလျှင် ရှမ်းဘာသာဖြင့် 'တာချီလိတ်မြို့' (မယ်ဇလီပင်လှေဆိပ်မြို့)ဟု တွင်လေသည်ဟု နန်းဆင့်လှိုင်းကြည်က ပြောပြပါသည်။ မယ်ဆိုင်ချောင်း၏ လက်ဝဲဖက်ကမ်းမှာ သာယာသည့်တောင်ခြေမြို့သည် နယ်စပ်ဖြစ်သည်နှင့်အညီ စည်ပင်ဝပြော၍ လှုပ်လှုပ်ရှားရှားရှိလှပါ၏။ စီးပွားရေးမှာ အားသန်သောမြို့လည်း ဖြစ်ပါသည်၊ ထိုမြို့မှ ဦးစိုင်းမိုင်ဟူသော ရှမ်းသီချင်းတေးရေးသူ အဖိုးကြီးတစ်ဦးနှင့် ရင်းနှီးခဲ့ရပါသည်။**

**ဓမ္မတေးများကို အရေးကောင်း၍ ဘာသာပြန်သီချင်းများကို သင်တန်းမှာ ကြိုးစား၍ သင်ပေးသော ဦးစိုင်းမိုင်သည် လောကီအလုပ်မှာလည်း ကြိုးစားပါသည်။ ဆိုင်ကယ်တစ်စီးနှင့် သွားသွားလာလာ ရှာဖွေ၍ မိသားစုကိုပြုစုသလို အသင်းတော်မှာလည်း ကြိုးစား၍ သီချင်းသင်ပေးပါသည်။ အအားမနေတတ်ပါ။ ကျွန်တော်သင်တန်းပေးစဉ် သူတစ်ခါမျှ အိပ်ပျော်ငိုက်မြည်းခြင်းမရှိ၊ စင်စစ်. . . သူသည် နှစ်ခြင်းလူငယ်များအကြားတွင် ရေပန်းစားခဲ့သော ရှမ်းပဲပုတ်ကလေး ဆရာမ မေဆန်းဦး၏ ဖခင်ဖြစ်ပါသည်၊ သူ၏သမီးများသည် တော်ပါသည်၊ ထက်မြက်၍ ချောမောသူများဖြစ်ရုံမက ဆက်ဆံရေးကောင်း၍ အလွန်လူသိများပါသည်၊ သူမ၏ဖခင်ကိုမြင်ရတော့မှ 'ကြိုးစားခြင်း'အမွေကို ဖခင်ထံမှ ရခဲ့တာပဲဟု နားလည်ခဲ့ရပါသည်။**

**ဖခင်** (Father) ၏ ပဌမစာလုံးသည် E ဖြစ်ပါသည်။ E သည် Effort (ကြိုးပမ်းမှု၊ အားထုတ်မှု) ဟုအဓိပ္ပါယ်ရှိ၍ ဖခင်တို့၏ ကောင်းသောအရည်အချင်းတစ်ခုမှာ ကြိုးစားအားထုတ်ခြင်း ဖြစ်ပါသည်။ အိမ်ထောင်များတွင် ပင်ပန်းစွာအားထုတ်သောသူမှာ ဖခင်သာဖြစ်ပါ၏။ အိမ်ထောင်ရှိ မိသားစုအားလုံး စားဝတ်နေရေး၊ ပညာသင်ကြားရေးအတွက် အဓိကရှာဖွေလုပ်ဆောင်၊ ဖြည့်ဆည်းပေးရသောသူ ဖခင်များသည် စင်စစ်. . . အိမ်ထောင်၏အရင်းအမြစ် ဖြစ်ပါ၏။ ဖခင်တို့၏ ကြိုးပမ်းမှု၊ အားထုတ်မှုဖြင့် မိသားစုသည် ဝစွာစားရပါ၏။ ကောင်းစွာနေရပါ၏။ သို့သော်. . . ထိုလေးသောဝန်အတွက် ဖခင်များသည် ဘယ်တော့မှ ညည်းညူခြင်းမရှိပါ. . . မိတ်ဆွေ။



**ဇွန်လ (၁၆) ရက်၊ ၂၀၀၇ ခုနှစ် (စနေနေ့)**

ကိုယ်အဘို့ဖြောင့်မတ်ခြင်း မျိုးစေ့ကိုကြဲ၍၊ ဂရုဏာတော်အသီးအနှံကို ရိတ်ကြလော့။ မလုပ်သေးသောလယ်ကို ထွန်ကြလော့။ (ဟောရှေအနာဂတ္တိကျမ်း၊ ၁၀း၁၂)

## "ဖြောင့်မတ်သောသူ..."

**တာချီလိတ်မှာ ကျွန်တော်တည်းခိုသော အသင်းတော်မှာ တိုင်းရင်းသားနှစ်ခြင်း ခရစ်ယာန်အသင်းတော် ဖြစ်ပါသည်။ ကျွန်တော့်နာမည်အား လယ်ပါ။ အားရင်လည်တယ်. . . ဟု မိတ်ဆက်လာသော ရုပ်ချောချောအတွင်းရေးမှူးက ကျွန်တော့်ကို ဆိုင်ကယ်ပေါ်တင်လျက် လိုက်လံပို့ဆောင်ပါသည်။ တစ်နံနက်တွင် အသင်းတော်ဥက္ကဌ ဦးစိုင်းဆိုင်လား၏ အိမ်သို့ပို့ပေးရာ ပျော်ရွှင်စွာမိတ်သဟာယဖွဲ့ရပါသည်။ ဥက္ကဌကား အလွန်ကောင်းကြီး ခံစားရသောသူ ဖြစ်ပါ၏။ အလွန်လှပသောဇနီးသည်နှင့် သမီး နှစ်ယောက်ကို ဘုရားသခင်ပေးထား၍ ကဗျာဆန်ဆန် ဆောက်ထားသောအိမ်ကလေး၌ နေရပါသည်။**

**ကျွန်တော်က စပ်စပ်စုစုပင် သူ့ဇနီးကို ဘယ်လိုအိမ်ထောင်ကျသလဲ၊ ဘယ်လိုဆုံဆည်းကြတာလဲဟု မေးလျှင် သူမက အရှက်သည်းစွာပင် ကျွန်မတို့က သူများနဲ့ မတူဘူးလေ. . ဟုသာ မကြာခဏဖြေပါသည်။ အမျိုးမျိုးလှည့်ပတ်မေးသည့်တိုင် သူများနဲ့မတူဘူးလေ. . . ချည်းသာဖြေရာပို၍ သိချင်လာပါ၏။ သို့သော် ထိုအဖြေမှလွဲ၍ အခြားအဖြေမရ၊ သူများနဲ့မတူဘူး. . . ဆိုတော့ သီးသန့်အကြောင်းအရာဖြစ်မည်ဟူ၍သာ နားလည်ပေးရပါတော့သည်၊ စင်စစ်. . . သူတို့အိမ်ထောင်သည် ဖြောင့်မတ်ခြင်းတရားကို ဦးစားပေးသည်ကို မကြာခင်၌တွေ့မြင်လာရပါ၏၊ အသင်းတော်ကိစ္စ၌ များစွာအချိန်ပေးကြရုံမက ဝတ်ပြုကိုးကွယ်ခြင်း၌လည်း အားကြီးကြပါသည်။ ဥပုသ်နေ့တွင် သူတို့၏ သမီးများသည် အစီအစဉ်များ၌ ပါဝင်ဦးဆောင်ကြပါ၏။ ဥက္ကဌက ဘုရားကျောင်းလာသူများကို နေရာထိုင်ခင်းစီစဉ်ပေး၍ ကြိုဆိုပါသည်၊ ဇနီးသည်ကလည်း အစောကြီးရောက်နေပါ၏၊ သူများနဲ့မတူဘူး. . . ဟု သူမပြောခဲ့တာ သတိရမိပါ၏၊ သူတို့ကို ဘုရားရှင်သည် သီးသန့်စီစဉ်၍ တွဲဖက်ထမ်းဘိုးတင်ခဲ့ရုံမက ကောင်းကြီးပေး၍ အသုံးပြုသည်ကို တွေ့လျှင် ဖြောင့်မတ်ခြင်း** (Right eousness) ကို ကိုယ်စားပြုသော R စာလုံးကို ဆင်ခြင်မိပါသည်။

ဖခင် (Father) ၏ နောက်ဆုံးစာလုံးသည် R ဖြစ်ပါ၏။ ဖြောင့်မတ်ခြင်းတရားကို ဦးစားပေးသောအချက်သည် ဖခင်တို့၏ ကိုယ်ရည်ကိုယ်သွေးတစ်မျိုး ဖြစ်ပါသည်။ ဖြောင့်မတ်ခြင်းကို မြတ်နိုးသော ဖခင်တို့၏ အိမ်ထောင်မှာ ငြိမ်သက်သာယာခြင်းနှင့် ပြည့်ဝမြဲရှိပါသည်. . . မိတ်ဆွေ။

**ဇွန်လ (၁၇) ရက်၊ ၂၀၀၇ ခုနှစ် (တနင်္ဂနွေနေ့)**

ငါပေးသောရေကို သောက်သောသူမူကား ရေငတ်ခြင်းနှင့် အစဉ်မပြတ်ကင်းလွတ်လိမ့်မည်။ ငါပေးသော ရေသည် ထိုသူ၌ ထာဝရအသက်ရှင်ခြင်းအလို့ငှာထွက်သော စမ်းရေဖြစ်လိမ့်မည်ဟု မိန့်တော်မူ၏။ (ရှင်ယောဟန်ခရစ်ဝင်ကျမ်း၊ ၄း၁၃)

## "သက်စမ်းရေ"

**စာဘူးတောင်းသင်းအုပ်ဆရာ၏ အိမ်နားမှာ မြေရေတွင်းကလေးတစ်တွင်းရှိပါ၏။ ဆယ့်လေးငါးပေခန့်သာ နက်ပါလိမ့်မည်။ လက်ယက်တွင်းဟုသာ ခေါ်ရမည့် ရိုးရိုးရေတွင်းကလေးသည် နွေရာသီဖြစ်၍ ရေထွက်နည်းလှပါသည်။ သို့သော် သောက်၍ အလွန်ကောင်းပါသည်။ နည်းနည်းကလေးချဉ်သော အရသာရှိ၍ နွေနေ့လည်ခင်းမှာ တစ်ခွက်တစ်ဖလားသောက်လျှင် အမောပြေလှပါသည်။ ထူးခြား၍ သောက်ကောင်းလှသောရေကို ဆရာကြီးတိတုက ဂုဏ်ယူစွာ ပေးလျှင် ကျွန်တော်တို့ သောက်ကြပါသည်။ ကျမ်းစာသင်တန်းကို ဦးဆောင်လာသော ရန်ကုန်မြို့မှ ဆရာကြီးဒေါက်တာမာတင်ညွန့်ကမူ မသောက်ပါ။ သူက . . . ဆရာဝန်ပီသစွာပင် ရေသန့်ကို သယ်ယူလာ၍ သောက်ပါသည်။ ဆရာကြီးတိတုကလည်း သူ့ရေကို မသောက်သဖြင့် စိတ်မကောင်းဖြစ်နေစဉ် ဒေါက်တာ၏သမီးက ယူ၍ သောက်ပါသည်။ ကောင်းတယ် . . . ဟုဆိုလျှင် ရေသန့်မဟုတ်၍ မျက်နှာငယ်ရှာသော မြေတွင်းရေသည် ချက်ခြင်းဝိုင်းဝန်းအားပေးခံရ၍ တစ်အိုးလုံးကုန်လေသည်။ ကျွန်တော်က အိမ်အပြန်ယူသွားရန် တစ်အိုးကို ကြိုတင်ဘွတ်ကင်လုပ်ရပါသည်။ အိမ်ရောက်၍ မိသားစုကို တိုက်ကျွေးလျှင် သူတို့က အံ့သြကြပါ၏။ အဝေးကြီးက ရေတစ်ဗူးကို တကူးတကသယ်လာတာဆိုတော့ သာမညရေမဟုတ်မှန်းသိ၍ ဝိုင်းသောက်ကာ အရသာခံကြပါ၏။**

**ရေတော့ရေပါပဲ။ သို့သော် မတူသော အကြောင်းများစွာရှိပါသည်။ ရေတစ်ခွက်ကို သောက်၍ ရေငတ်ပြေမည်အမောပြေမည်လည်း ဖြစ်နိုင်ပါ၏။ ရေအခွက်ခွက်ကိုသောက်၍ အမောမပြေအငတ်မပြေသဖြင့် ထပ်ကာထပ်ကာ သောက်ရတာလည်းရှိပါသည်။ တစ်ခါသောက်ရုံနှင့် တစ်သက်တာပတ်လုံးမေ့မရနိုင်သော စမ်းရေချိုချိုကတော့ တစက်တပေါက်နှင့်ပင် အသက်တာအတွက် လုံလောက်မည်၊ ရေငတ်ပြေမည်ဖြစ်ပါသည်။**

**လောက၌ ချိုသောစကားများစွာ ကြားရပါ၏။ အားပေးစကား နှစ်သိမ့်စကားများလည်း ကြားရ၍ ကျေနပ်စရာပါ။ သို့သော် တရားစကားကိုလည်း ကြားနာဖို့ရန် လိုအပ်ပါသည်။ ဥပုသ်နေ့ရောက်လျှင် တရားစကားကို ကြားနာ၍ တရားရေအေးကို သောက်သုံးရန် အထူးလိုအပ်ပါ၏။ ထာဝရအသက်နှင့် ဆိုင်သော သက်စမ်းရေကို အမိအရယူငင်သုံးဆောင်ဖို့ သတိရှိကြပါစို့။**



**ဇွန်လ (၁၈) ရက်၊ ၂၀၀၇ ခုနှစ် (တနင်္လာနေ့)**

တပည့်တော်တို့သည်လည်း ခရစ်ယာန်ဟူသော ခေါ်ဝေါ်သမုတ်ခြင်းကို အန္တိအုတ်မြို့၌ အဦးခံရကြ၏။ (တမန်တော်ဝတ္ထု၊ ၁၁း၂၆)

## "အမည်နှင့်လိုက်အောင် ..."

**'ယုဒ'ဟူသော အမည်၏ အဓိပ္ပါယ်မှာ ကျေးဇူးတော်ချီးမွမ်းခြင်း (Praise)ဖြစ်ပါသည်။ နောမိဟူသော အမည်၏အဓိပ္ပါယ်ကတော့ ငြိမ်းချမ်းခြင်းဖြစ်၍ 'ဗောဇ'၏ အဓိပ္ပါယ်က ခွန်အားကြီးခြင်းဖြစ်ပါသည်။ သမ္မာကျမ်းစာလာ နာမည်များသည် အဓိပ္ပါယ်လေးနက်၍ လူတို့၏ အသက်တာ၊ သွင်ပြင်လက္ခဏာနှင့် တစ်ထပ်တည်း ကျပါသည်။ မြန်မာစကားတွင် နာမည်နှင့် လိုက်အောင်နေ . . . ဟုပြောတတ်ကြပါသည်။**

**မယ်ဟုတ်ဝမ်ကော့ရွာမှ ဆရာဦးအားညီက သူ့မြေးမကလေးကို နန်းဒေစနာ (မဒေသနာ)ဟု မှည့်ခေါ်ရာ တကယ်ပဲ သင်းအုပ်ဆရာမြေးပီသစွာပင် တရားဟောခြင်း၊ ဆုံးမသွန်သင်ခြင်းကို ပြုရာ၊ ထိုလေးနှစ်သမီးကလေးရှေ့၌ မတော်တဆမိုးရေထဲ ဖိနပ်ချွတ်ထားခဲ့မိသော ကျွန်တော်မှာ ဆုံးမခံရပါသည်။ လူနဲ့လိုက်အောင် နာမည်ပေးတတ်ပါပေ့ဟု ကျွန်တော်ကပြောလျှင် ဆရာကြီးက နာမည်က အရေးကြီးတယ်။ ကျွန်တော်တို့ ရှမ်းပြည်မှာကလေးနဲ့ နာမည်မတည့်ရင် အဆင်မချောတဲ့ အယူအဆရှိတယ်ဟု ပြောပြပါသည်။ တစ်ခါက စိုင်းအောင်ခမ်းဆိုသော ကလေးသည် အမြဲငိုနေသတဲ့။ နေမကောင်းလည်း ဖြစ်သတဲ့။ နတ်ဆိုးဖမ်းစားတာဟု ပြောပြီး မိဘများ စိတ်ညစ်နေတုံး ခရစ်စမတ်စ်အချိန်မှာ ကမ်ပင်းအဖွဲ့ရောက်သွားတာနဲ့ ကြုံပါလေရော။ ဧဝံဂေလိတရားဟောရင်း သီချင်းဆိုထွက်လာသူ ခရစ်ယာန်ဓမ္မဆရာက ဆုတောင်းပြီးခရစ်စမတ်စ်မှာ နာမည်လက်ဆောင်ပေးမယ်။ စိုင်းခမ်းမတ် . . . ဆိုတဲ့ နာမည်သစ်နဲ့ လူဖြစ်ပါစေ . . . ဟုဆိုသည့်နောက် ကလေးမငိုတော့။ မဖျားတော့။ ကောင်းစား၍ ကြီးပွားသွားပါသတဲ့။ ထိုအတွေ့အကြုံမျိုးကို တာချီလိတ်မှ ဆရာတော်ယောနကလည်း ကလေးတစ်ယောက်ကို ချိုသီတာလွင်မှ ဒေါ်ကာသို့ ပြောင်းပေးရာ အနာသက်သာသွားကြောင်း သက်သေခံပါ၏။ ဆရာတော်အားညီက သူ့သမီးကလေးကို နန်းဥဟု မှည့်ရာ စောစောအိမ်ထောင်ကျ၍ ဥများစွာပွားကြောင်း ပြောပြ၍ ရယ်မောခဲ့ရပါသေးသည်။**

**အမည်နာမကား အရေးကြီးလှပါသည်။ ခရစ်ယာန်ဟူသော အမည်ကတော့ . . . ခရစ်တော်၏ နောက်လိုက်များဖြစ်ပါသည်။ ခရစ်ယာန်စင်စစ်ဖြစ်လျှင် ခရစ်တော်၏ နောက်သို့ မတိမ်းမယိမ်းဘဲ လိုက်ရပါလိမ့်မည်။ ကိုယ်တော်၏ နောက်လိုက်ဟူသော အမည်ကိုခံယူ၍ အမည်နှင့်လိုက်အောင် အသက်ရှင်လျှင် ကြွယ်ဝသောအသက်တာကို ရ၍ စာတန်၏ နှောင့်ယှက်ခြင်းမှ ကင်းလွတ်ပါလိမ့်မည်။**

**ဇွန်လ (၁၉) ရက်၊ ၂၀၀၇ ခုနှစ် (အင်္ဂါနေ့)**

အချင်းစာတန်၊ ငါ့နောက်သို့ဆုတ်လော့။ သင်၏ ဘုရားသခင်ထာဝရဘုရားကို ကိုးကွယ်ရမည်။ ထိုဘုရားသခင်ကိုသာ ဝတ်ပြုရမည်ဟု ကျမ်းစာလာသည်။ (ရှင်လုကာ ခရစ်ဝင်ကျမ်း၊ ၄း၈)

---

## "ဘယ်သူနောက်ဆုတ်မလဲ ..."

**ကျမ်းစာသင်တန်းပြီး၍ ဆက်ကပ်စည်းဝေးလုပ်သောအခါ သင်တန်းသားလူငယ်များကို ငေးကြည့်ရင်း ခွဲခွာရမည်ဆိုတော့ လွမ်းမိသလိုပါပဲ။ လေးငါးရက်မျှအတူ နေထိုင်၍ နှုတ်ကပတ်တော်ကို သင်ကြားခံယူခဲ့ကြသဖြင့် ခင်မင်ရင်းနှီးနေလေပြီ။ ဤကလေးများကား လိမ္မာသည်။ ထက်မြက်၍ နိုးကြားတတ်ကြွသော သူများဖြစ်ပါ၏။ သူတို့တတွေ နှုတ်ဆက်စကားပြောကြသည်။ နှုတ်ဆက်သီချင်းဆိုကြပါသည်။ ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဖြတ်နယ်၏ အနာဂတ်သာသနာ့မျှော်လင့်ချက်များကား လင်းလင်းလက်လက်ရှိသဖြင့် ပီတိဖြစ်ရပါ၏။ ယဉ်ကျေးပျူငှာ၍ ဝိညာဉ်ရေးရာ အခြေခံကောင်းသော လူငယ်များကို ငေးကြည့်နေစဉ် ဆရာတစ်ဦးက . . .**

**ဆရာ၊ နှုတ်ဆက်စကားပြောပေးပါ။ ကြာကြာပြောပေးပါ။ လက်ဆောင်သွားဝယ်တဲ့ ဆရာစိုင်းမင်းအောင် ပြန်မရောက်သေးလို့ . . . ဟုဆိုလာလျှင် ကျွန်တော့်မှာ အစီအစဉ်မရှိ၍ ဘာပြောရမှန်း မသိပဲ၊ အိုးနင်းခွက်နင်းနှင့်ထကာ အချိန်ဆွဲစကားပြောရပါသည်။ ပြဿနာကား ကျွန်တော်တို့အား ဂုဏ်ပြုလက်ဆောင်ပေးရန်အတွက် လူငယ်တာဝန်ခံသွား၍ ပစ္စည်းဝယ်ကာပြန်မရောက်လာသေး၍ ဖြစ်ပါသည်။ နာရီဝက်ကြာသည့်တိုင် မရောက်သေးသဖြင့် ကျွန်တော့်မှာ ပြောစရာလည်းကုန် ချွေးတွေပြန်၍ အားငယ်နေတော့မှ စိုင်းမင်းအောင်က ဆိုင်ကယ်တဖုံးဖုံးနှင့် ပြန်ရောက်လာပါသည်။ ပြီးမှ ကမန်းကတန်းထုပ်ပိုးကာ ဂုဏ်ပြုလက်ဆောင်ပေးပြီး ဓာတ်ပုံမှတ်တမ်းရိုက်ပါသည်။ ဓာတ်ပုံဆရာကလည်း သူပါပဲ။ သူ့မျက်နှာပေါ်က ချွေးစီးကြောင်းများကြောင့် ကျွန်တော့်မှာ ပြုံးပြုံးကြီးဓာတ်ပုံရိုက်ခံဖို့ တော်တော်ခက်ပါသည်။ လက်ဆောင်ထုပ်ကို ဖွင့်ကြည့်တော့ ပါတိတ်ထမီဖြစ်နေပြန်သည်။ သူက ဆောရီးဆရာရယ် အားနာလိုက်တာဟုပြောပါ၏။**

**နောင်တွင် ဆရာစိုင်းမင်းအောင်ကိစ္စကို ကျွန်တော်သိရပါသည်။ အတော်ကလေးနေမကောင်းသည့် ကလေးကို ပစ်ထား၍ သူ့ခမျာ ကျမ်းစာသင်တန်းကို ဦးဆောင်ရတာဖြစ်ပါ၏။ ကလေးကလည်း သင်တန်းကာလကျမှ မကျန်းမမာဖြစ်ရတော့ ဗျာများနေရှာပါသည်။ သို့ဖြင့် ကမောက်ကမဖြစ်ရပါသည်။ စာတန်က အချိန်ကိုက်ထိုးနှက်လိုက်တာပဲ။ သို့သော် ဆရာလေးသည် ခဲယဉ်းပင်ပန်းသော်လည်း အဆုံးတိုင်အောင် ကြိုးစား၍ ကျမ်းစာသင်တန်းကို ပြီးမြောက်အောင်မြင်စေသူပါ။ သူ့နေရာမှာဆိုလျှင် ကျွန်တော်လုပ်နိုင်ပါ့မလားဟု တွေးမိလျှင် ဆရာ့ကို ချီးကျူးမိပါသည်။ ခဲယဉ်းတားဆီးမှု မည်သို့ပင်ရှိရှိ ကိုယ်တော့်မျက်နှာကိုသာ မျှော်ကြည့်၍ အဆုံးတိုင်အောင် သစ္စာရှိလျှင် နောက်ဆုံးတစ်နေ့၌ စာတန်သည် နောက်ဆုတ်သွားရပါလိမ့်မည်။**



**ဇွန်လ(၂၀)ရက်၊ ၂၀၀၇ ခုနှစ် (ဗုဒ္ဓဟူးနေ့ )**

အိုင့်ဝိညာဉ်ထာဝရဘုရားကို ကောင်းကြီးပေးလော့။ ကျေးဇူးတော်အပေါင်းကို မမေ့လျော့နှင့်။ (ဆာလံကျမ်း၊ ၁၀၃း၂)

---

## "မေ့လျော့ခြင်းများ"

**သာယာသော မယ်ဟုတ်ရွာကလေးကို မနှုတ်ဆက်ခင် လူငယ်များက ပျော်ပွဲစားထွက်ကြပါသည်။ ရွာနှင့်ခတ်လှမ်းလှမ်းမှာ မယ်ဟုတ်ချောင်း၏ အသာယာဆုံးနေရာရှိပါ၏။ နာမည်ကျော်ကြား၍ တာချီလိတ်မှ လူများလာ၍ ရေကစားကာ၊ သင်္ကြန်ပွဲသဘင်ကို ရက်ရှည်ကျင်းပဆင်နွှဲသော နေရာဖြစ်ပါသည်။ ပွဲတော်ချိန်ဆိုလျှင် ဈေးတန်း၊ ဆိုင်ခန်းနှင့် အောက်ပြည်အောက်ရွာက ချောင်းသာ၊ ငွေဆောင်တို့လိုပဲ ရေကစားအပန်းဖြေသောနေရာဖြစ်ပါ၏။ ကြည်လင်၍ ရေစီးသန်သော မယ်ဟုတ်ချောင်းကမ်းနံဘေးမှာ အပန်းဖြေဖို့ သွားလျှင် ရှမ်းအဆိုတော်စိုင်းကောင်းထွန်းက ကျွန်တော်တို့ ဇနီးမောင်နှံကို သူ့ရှမ်းစတားဂျစ်ဖြင့် ပို့ပေးပါသည်။ ကားကို ချောင်းစပ်မှာရပ်၍ အပန်းဖြေကြ၊ ထမင်းစားကြပါသည်။ လူငယ်များက ကစားကြသည်။ အချိန်တော်ကြာလျှင် စက်ဘီး၊ ဆိုင်ကယ်စသည်ဖြင့် အလျှိုလျှိုပြန်သွားကြပါသည်။ ကျွန်တော်တို့လည်းပြန်မည် . . . ဟု စိုင်းကောင်းထွန်းကို ရှာလျှင်မတွေ့တော့ပါ။**

**တာချီလိတ်ကို သူ့သူငယ်ချင်းလိုက်ပို့တယ် . . . ဟုသတင်းရပါသည်။ ပြန်လာနိုးနိုးနှင့် စောင့်ရင်းနေစောင်းလာပါသည်။ မယ်ဟုတ်ချောင်းနံဘေး ကျွန်တော်တို့ဇနီးမောင်နှံ နှစ်ယောက်တည်း ကျန်နေသည်။ လမ်းလည်းမမှတ်မိ။ စိတ်ပူလာပါသည်။ ဇနီးသည်ကတော့ မသိရှာ။ ဘယ်နေရာမဆို သူ့ယောက်ျားက သွားတတ်တယ်ပဲ အောက်မေ့သလားမသိပါ။ ချောင်းထဲဆင်းရအောင်ဟု ခေါ်လေ၏။ လူသူမရှိတော့၍ ကျွန်တော်လည်း သူမ သွေးဆောင်ရာသို့လိုက်ကာ ရေထဲဆင်းပါသည်။ မယ်ဟုတ်ချောင်းရေက အေး၍ ကြည်လင်ကာ အပန်းပြေစေပါသည်။ သို့သော် ကျွန်တော်မခံစားနိုင်ပါ။ စိုင်းကောင်းထွန်းကိုပဲ မျှော်နေပါ၏။ တကယ်တော့ စိုင်းကောင်းထွန်းက သူငယ်ချင်းချောချောကို တာချီလိတ်လိုက်ပို့ရင်း ကျွန်တော်တို့ကို မေ့သွားခဲ့တာဖြစ်ပါသည်။**

**ဆရာတော်ယောနက ကျွန်တော်တို့ပျောက်နေ၍ လူငယ်များကို လိုက်ရှာခိုင်းမှ မယ်ဟုတ်ချောင်းနားမှာ ခိုကိုးရာမဲ့ ပြန်လမ်းကို မသိသော စာရေးဆရာမောင်နှံကို တွေ့၍ ကယ်ဆယ်ခွင့်ရပါ၏။ တကယ်တော့ စိုင်းကောင်းထွန်း၏ အပြစ်မဟုတ်ပါ။ လူဆိုတာ မေ့တတ်သော အမျိုးပါပဲ။ ကျွန်တော်တို့လည်း မေ့တတ်ပါသည်။ မေ့သွား၍ ဘာမှမဖြစ်သောအရာရှိသလို မေ့သွား၍ မဖြစ်သောအရာလည်း ရှိပါသည်။ စင်စစ် ဇွန်လဟူသည် ၂၀၀၇ခုနှစ်ဝက်သို့ရောက်လာသောအခါ မေ့လျော့ခြင်းများစွာကျွန်တော်တို့ ပြုခဲ့ပါပြီ။ သို့သော် ကျေးဇူးတော်ချီးမွမ်းခြင်းကိုမူ မမေ့ကြရပါ။ ဘုရားရှင်၏ ပို့ဆောင်တော်မူသော ကျေး ဇူးတော်ကိုကား မေ့လျော့ခြင်းမရှိရန် သတိပြုလျက် ချီးမွမ်းကြဖို့ပါပဲ။**

**ဇွန်လ (၂၁) ရက်၊ ၂၀၀၇ ခုနှစ် (ကြာသပတေးနေ့)**

အကျွန်ုပ်မူကား၊ ဘုရားသခင်ထံတော်သို့ ချဉ်းကပ်၍ အကျိုးရှိပါ၏။ အမှုတော်ရှိသမျှတို့ကို ကြားပြောခြင်းအလို့ငှါ၊ အရှင်ထာဝရဘုရား၌ ခိုလှုံလျက်နေပါ၏။ (ဆာလံကျမ်း၊ ၇၃း၂၈)

## "ပုံပြင်ထဲကလို ..."

**တာချီလိတ်မြို့မှာ ကျမ်းစာသင်တန်းပေးရန်ရောက်သွားလျှင် ဆရာတော်စိုင်းယောနနှင့် ဆရာကတော်ခင်နှင်းသက်တို့အိမ်မှာ တည်းခိုရပါသည်။ ဘုရားကျောင်းနှင့် ကပ်လျက်မြေကျဉ်းကျဉ်းမှာ ကြဲကြဲဖန်ဖန် ဆောက်ထားသောအိမ်မှာ အလွန်မြင့်၍ လှေကားနှစ်ဆင့်တက်ရပါသည်။ ရှေးရှေးကာလ အင်္ဂလန်ပြည်ကရဲတိုက်များနှင့် တူသဖြင့် နှစ်သက်စရာဖြစ်ပါသည်။ အိမ်ပေါ်ဝရံတာမှကြည့်လျှင် ပတ်ဝန်းကျင်ကို ဆီးမြင်ရရုံမက၊ တစ်ဖက်နိုင်ငံထိုင်းမြို့များ၊ တောင်တန်းများကိုပင် မြင်ရပါသည်။ ဆရာတော်သည် အလွန်ထက်မြက်သော ရှမ်းလူရွယ်ဖြစ်၍ အသင်းတော်တစ်ပါးကို ကြိုးစားတည်ဆောက်နိုင်ခဲ့ပါသည်။ ဆရာကတော်က အလွန်လှပချောမောသော ဖားအံသူကရင်အမျိုးသမီးဖြစ်၍ အသင်းတော်ကို ကြိုးစားတည်ဆောက်သော ဆရာအား ကြီးစွာသော အထောက်အမပေးခဲ့ပါသည်။ တစ်နေ့တွင် ရှမ်းမိန်းကလေးတစ်ဦးကို လက်ထပ်ဖို့ တောင်းယူခြင်းအကြောင်း စကားစပ်မိရာ မယ်ဟုတ်ရွာတုံးက ငွေ(၁၀)သိန်းတင်တောင်းရသော သတို့သမီးအကြောင်းကိုကြားလျှင် ဆရာကတော်က. . .ဆရာလေ၊ သိတ်လည်တာပဲ။ သူတို့ ရှမ်းအချင်းချင်းဆိုရင် ငွေကုန်ခံတောင်းရမှာစိုးလို့ ကျွန်မကိုယူတာ။ တစ်ကျပ်မှတောင် တင်မတောင်းခဲ့ရဘူးဟု ကျီစယ်လေသည်။ ရိုးသားသောဆရာခမျာ စိတ်မကောင်းဖြစ်သွားပုံပါပဲ။ ပြီးတော့မှ အခုတောင်းလေဟု ဖြေပါသည်။ အခုတောင်းရင်ကောပေးမှာလားဟု ထပ်မေးလျှင် ဆရာက၊ ပေးမှာပေါ့။ ဒါပေမယ့် အကြွေးလေဟု လေသံပျော့ပျော့နှင့် ဖြေရှာပါ၏။**

**တကယ်တော့ ဆရာတော်စိုင်းယောနသည် ဗိုက်ကလေးပူ၊ အသားကလေးဖြူ၍ ရိုးရိုးအအသာမန်ယောကျ်ား တစ်ယောက်ပါ။ ကြီးမားသောဘုရားကျောင်း၊ အသင်းတော်နှင့် ရဲတိုက်အိမ်ကို ဆောက်နိုင်ဖို့မရှိပါ။ စီးပွားရေးလည်း နားမလည်။ ကြီးပွားဖို့လည်း မသိပါ။ သူက ကျွန်တော့်အစွမ်းအစနဲ့ဆိုရင် ဒီတိုင်တစ်လုံးတောင် မထောင်နိုင်ပါဘူးဟု ပြောပြပါသည်။ သို့သော်ဘုရားရှင်သည် သူ့ကိုမျက်နှာသာပေး၍ ပြည့်စုံရသောအခွင့်ကို ရခဲ့ပါသည်။ ရဲတိုက်နှင့်တူသော အိမ်မှာနေ၍ ပုံပြင်ထဲက မင်းသမီးလိုလှပသော ဇနီးသည်ကို ရပါသည်။ ပုံပြင်ထဲကလို သာယာငြိမ်းချမ်း၊ စုံလင်၊ ရွှင်လန်းစွာ နေထိုင်သက်ရှင်ရပါသည်။**

**ကျေးဇူးတော်ကြီးမားလှပါသည်။ ကောင်းကြီးမိုးရေလည်း လျှံလျက်ခံစားရပါ၏။ ဘုရားရှင်၏ရှေ့မှာလည်း မျက်နှာရပါသည်။ အကြောင်းအရင်းကတော့ 'ဘုရားရှင်ကို ခိုလှုံကိုးစားခြင်း' သက်သက်ကြောင့်သာ ဖြစ်သည်ဟု ဆရာတော်က သက်သေခံပါသည်။**



**ဇွန်လ (၂၂) ရက်၊ ၂၀၀၇ ခုနှစ် (သောကြာနေ့)**

ထိုမှတစ်ပါးလောဘလွန်ကျူးခြင်းကို သတိနှင့် ကြဉ်ရှောင်ကြလော့။ အကြောင်းမူကား စည်းစိမ်ရှိသော်လည်း စည်းစိမ်၌အသက်မတည်။ (ရှင်လုကာ ခရစ်ဝင်ကျမ်း၊ ၁၂း၁၅)

## "ငါ့ဥစ္စာ..."

တစ်ခါတုံးကပြည်သာယာသတီနယ် အမျိုးသမီးကျမ်းစာသင်တန်းမှ အပြန်ဆရာမဝါးဝါးဖောက အထက်တန်းရထားလက်မှတ်ကို ဝယ်ပေးပါသည်။ သကြ်န်တွင်းကာလမို့ ရထားကချောင်ပါသည်။ မျက်နှာချင်းဆိုင်မှ ပုဂ္ဂိုလ်က ရေကစားခြင်းကိုနှစ်သက်ဟန်ရှိပါသည်။ ပြတင်းတံခါးပိတ်ရအောင်ဟု ကျွန်တော်ပြောလျှင်သဘောမတူပါ။ လက်ပံတန်ကိုလွန်လျှင် ဆည်ရေလွှတ်သဖြင့် နွေကာလမှာရေကြီးပါသည်။ မြောင်းနားကအိမ်တွေရေမြုပ်နေသည်။ ရေအိမ်များ၊ ကျေးလက်သန့်စင်ခန်းများရေမြုပ်နေသည်။ ထိုမြောင်းရေကို လူငယ်များက ပြေးခပ်ပြီးရထားကို ကျုံးကျုံးပက်ရာ ရထားမှာ ရွှဲရွှဲစိုလေ၏။ ကျွန်တော်က ရေအိမ်များဆီအကြည့်ရောက်ကာ ရေပက်ခံရမှာ အသေကြောက်သော်လည်း မျက်နှာချင်းဆိုင်မှ လူက ပြတင်းတံခါးပိတ်ခွင့်မပေး၍ ခွကျလေသည်။ ရုတ်တရက်ရထားအထွက်မှာ ကလေးတစ်ယောက်က ဆွဲပုံးနှင့်ရေကိုပြေးခပ်ပြီး ပက်သွင်းရာ မျက်စိမှိတ်၊ အသက်အောင့်ထားရပါသည်။ ရေနှင့်အတူခပ်ပျော့ပျော့ အရာတစ်ခုက ကျွန်တော့်ရင်ဘတ်ကိုထိလျှင် သတိလစ်မတတ်ဖြစ်သွားပါ၏။ သွားပြီ. . . ဟိုဟာပဲထင်တယ်ဟု အောက်မေ့စဉ်နံဘေးမှ လူက. . . ဟာ. . . ငါးရံ့ကြီး၊ ငါးရံ့ပါလာတယ်၊ ငါယူမယ်. . . ဟုအော်လေသည်။ စင်စစ်ကျွန်တော့်ရင်ဘတ်ကို ငါးရံ့တစ်ကောင်ဝင်တိုးမိသွားတာကိုး။

နောက်တစ်နေရာမှာ ခုနလိုပဲရေပုံးနှင့် ပက်ပြန်ရာနံဘေးမှလူကငါးရချင်သဖြင့် နေရာချင်းလဲထိုင်ရန်ပြောပါ၏။ ကျွန်တော်လဲပေး၍ မကြာခင်ရေတွေဝင်လာ၏။ သည်တစ်ခါလည်း ခပ်ပျော့ပျော့အရာတစ်ခု ဝင်လာသဖြင့် ထိုသူက. . . ငါးကြီးပါလာပြီ။ ငါ့ဥစ္စာ၊ ငါယူမယ်. . . ဟုဆိုရင်းကုန်း၍ဖမ်းဆုပ်လိုက်လျှင်. . . အံမယ်လေး၊ ငါးမဟုတ်ပါ မိတ်ဆွေ။ ရေအိမ်မှစွန့်ပစ်ပစ္စည်းတစ်တုံးကို အားပါးတရညှစ်ကိုင်သလိုဖြစ်လေတော့. . . သူခမျာ ရွံလွန်း၍ မျက်ဖြူဆိုက်လေ၏။ ကျွန်တော့်ကို အကူအညီတောင်းလျှင် ဆောရီးပဲ ဆရာဟု ပြောရင်း ဝေးရာမှာသွားရှောင်ရင်း အန့်ချင်စိတ်ကို မနည်းထိန်းချုပ်ခဲ့ရကြောင်းပါ။

လောဘလွန်ကျူးခြင်းသည် ကျွန်တော်တို့၏ ခရစ်ယာန်အသက်တာကို နှောင့်ယှက်နိုင်ပါသည်။ သခင်ယေရှုက လောဘလွန်ကျူးခြင်းကို ကျဉ်ရှောင်ရန် သတိပေးပါသည်။ သွန်သင်ပါသည်။ လောဘလွန်ကျူးသဖြင့် စည်းစိမ်ဥစ္စာကိုသာ ရနိုင်ပါ၏။ စည်းစိမ်ဥစ္စာ၌ အသက် မတည်ပါ။ သာ၍ ဆင်ခြင်ရန်ကား လောဘလွန်ကျူးလျှင် အရှက်ရတတ်သော သဘောရှိပါ၏။

**ဇွန်လ (၂၃) ရက်၊ ၂၀၀၇ ခုနှစ် (စနေနေ့)**

လူများတို့သည် စုံလင်သောနှလုံး၊ ကြည်ညိုသော စိတ်သဘောရှိ၍ ထာဝရဘုရားအား ပူဇော်သောကြောင့် ဝမ်းမြောက်ကြ၏။ (ရာဇဝင်ချုပ် ပဌမစောင်၊ ၂၉း၉)

## "ပူဇော်သက္ကာ ..."

ကယားပြည်နယ်မှာ သာသနာပြုနေသော ဆရာစောမင်းလွင်က ဖိတ်ခေါ်သဖြင့် လွိုင်ကော်မြို့သို့ ခရီးဆက်ခဲ့ရပါသည်။ လွိုင်ကော်မြို့တွင်လာကြိုသော ဆရာစောမင်းလွင်ကိုမြင်လျှင် လဲကျမတတ်အံ့ဩသွားရပါသည်။ စင်စစ် ဆရာ့ကို ဒီလိုပုံသဏ္ဍာန်နှင့် တစ်ခါမျှ မမြင်ဖူးပါ။ ယခင်က ဖြူဖြူဖွေးဖွေးနှင့် သန့်သန့်ရှင်းရှင်းနေတတ်ရုံမက အလှအပနှင့် ဖက်ရှင်မှာလည်း အလွန်ကျွမ်းကျင်သူပါ။ ကျွန်တော်ပင်လျှင် သူ့ကို တွေ့ရမှာမို့ ဆံပင်ညှပ်၊ မျက်နှာကောင်းကောင်းသစ်ရပါသည်။ သူက ကိုယ်တိုင်လှရုံမက သူတစ်ပါးကိုလည်း လှပစေချင်ပါသည်။ သူ့အိမ်၊ သူ့ဘုရားကျောင်းဆိုလျှင်လှပ၊ သန့်ရှင်း၍ ပန်းများဖြင့် ဝေဝေဆာဆာရှိမြဲ ဖြစ်ပါသည်။

ယခုမူ နေလောင်၍ မဲသောမျက်နှာ၊ ကိုယ်ခန္ဓာက ဝဝခန့်ခန့်၊ ဆိုင်ကယ်စီးဦးထုပ်၊ ဂျာကင်၊ ကျောပိုးအိတ်နှင့် တကယ်ပဲဆရာမင်းလွင်မှ ဟုတ်ရဲ့လားဟု အောက်မေ့ရပါသည်။ သူ့ဆိုင်ကယ်နောက်မှ ခွထိုင်တော့ သူကစက်ကုန်မောင်းပါသည်။ ချိုင့်တွေလည်း မရှောင်။ ကုန်းကိုလည်း ပြေးတက်နှင့် ကျွန်တော့်မှာ အသက်ကြီးကာမှ ဆိုင်ကယ်ပြိုင်ပွဲမှာ လိုက်ရှိုး (Life Show) ဝင်ကြည့်ရသလိုပါပဲ။ သူကတော့ ဂရုမပြုနိုင်ပါ။ သူ၏ သာသနာ့ ရူပါရုံကိုသာ ပြောပြနေပါ၏။ ကျမ်းစာကျောင်း တည်ဆောက်ရန် ဝါသနာပါသောဆရာသည်၊ နာဂတောင်တန်းတုံးက ခန္တီကျမ်းစာကျောင်းကို ခက်ခဲပင်ပန်းစွာ တည်ဆောက်ရင်း သမိုင်းမှတ်တိုင်စိုက်ခဲ့ပါ၏။ ယခုလည်း ကယားပြည်နယ်မှာ ကျမ်းစာကျောင်းတစ်ကျောင်း စတင်လုပ်ဆောင်နေပါပြီ။ ငွေသိန်းတစ်ထောင်မျှ ကုန်ကျဖွယ်ရှိသော ထိုကျောင်းကို ဆရာမင်းလွင် စတင်လုပ်နေရာ၊ စားလည်းဒီစိတ်၊ သွားလည်းဒီစိတ်ပါပဲ။ သူ၏ဆောက်လုပ်ရေး နေရာသို့ရောက်လျှင် သူဘာကြောင့် ရုပ်ရည်၊ ခန္ဓာနှင့် အလှအပတွေ ပြောင်းလဲသွားသည်ကို နားလည်သွားရပါသည်။

လူတိုင်းပင် မြတ်နိုးတန်ဖိုးထားသော 'အရာ' ရှိပါသည်။ ထိုအရာကို ဘယ်ကိစ္စနှင့်မှ မလဲလှယ်နိုင်ပါ။ ဆရာမင်းလွင်ကမူ သူမြတ်နိုးသော 'အလှ'ကို ခရစ်တော်၏ သာသနာကိစ္စနှင့်ကျမှ လဲလှယ်ပစ်ခဲ့ပါသည်။ မြတ်သော စွန့်လွှတ်ခြင်းဟုသာ မှတ်ချက်ပြုပါရစေ။ ကျွန်တော်တို့သည် သခင်ယေရှုအတွက် အမြတ်ဆုံးသောအရာ၊ တနည်းအားဖြင့် တန်ဖိုးအထားဆုံးအရာနှင့် ပူဇော်ဆက်ကပ်ပါလျှင် ကိုယ်တော်သည် ဝမ်းမြောက်လျက် အဆတစ်ရာမကပြန်၍ ကောင်းကြီးပေးမည်အကြောင်းတည်း။



**ဇွန်လ(၂၄)ရက်၊ ၂၀၀၇ ခုနှစ် (တနင်္ဂနွေနေ့ )**

ကောင်းသောမြေ၌ အစေ့ကို ကြဲခြင်းအကြောင်းကား တရားစကားကို ကြား၍ နှလုံးသွင်းသဖြင့် အဆသုံးဆယ်၊ အဆခြောက်ဆယ်၊ အဆတစ်ရာပွားများ၍ အသီးသီးတတ်သည်ဟု ဆိုလိုသတည်း။ (ရှင်မဿဲခရစ်ဝင်ကျမ်း၊ ၁၃း၂၃)

## "ဆူးပင်ကြား၌"

ပုသိမ်မြို့၊ တောင်ပေါ် အသင်းတော်သို့ရောက်လျှင် အေးချမ်းငြိမ်သက်သော ဘုရားကျောင်းဝင်းကလေးကို နှစ်သက်စွာခံစားရပါသည်။ ကျယ်ဝန်းပြန့်ပြူးသောမြေပြင်၊ သန့်ရှင်းသောနေရာ၊ ငယ်သော်လည်း လှသော ဝတ်ပြုဆောင်တို့ဖြင့် သပ္ပာယ်၍ စိတ်နှလုံးရွှင်လန်းရပါသည်။ သင်းအုပ်ဆရာကြီးကလည်း အမှုတော်မြတ်၌ စိတ်အားကြီးကာ တရားဟောကောင်းလှပါ၏။ ဥပုသ်နေ့တစ်ခုတွင် . . . သဘော်သဖန်းပင်အကြောင်းကို ဟောပြောခဲ့ပြီးနောက် . . . စည်းဝေးလွှတ်သောအခါ သင်းထောက်ကြီးဖြစ်သူ ဦးစိုးသိန်းနှင့် အတူတကွ စကားစမြည်ပြောဆိုလေ၏။

ဦးစိုးသိန်းကား ဝါရင့်စစ်သားဖြစ်ခဲ့ရုံမက သဘင်အနုပညာကိုလည်း ကျွမ်းဝင်သူတစ်ဦးဖြစ်ပါ၏။ ဝတ်ပြုစည်းဝေးလာစဉ် လမ်းတွင် ကြက်ဆူပင်များကို ငေးမောလာခဲ့ပါသတဲ့။ ကြက်ဆူပင်များကို ကြည့်ရင်းသွေ့ခြောက်နေသော ထိုအပင်ကို သနားနေပါ၏။ ရေမှန်မှန်မသောက်ရသဖြင့် ကြီးထွားခြင်း၊ စိမ်းလန်းခြင်းမရှိ။ ခဲယဉ်းစွာအသက်ရှင်နေသည်ကို တွေ့လျှင် ဦးစိုးသိန်းက စိတ်မကောင်းဖြစ်နေပါသည်။ ဘုရားရှိခိုးစဉ်မှာလည်း ကြက်ဆူပင်သွေ့ခြောက်ခြောက်သည် အာရုံထဲမှမထွက် ဆရာကြီးက သဘော်သဖန်းပင်အကြောင်းဟောပြောသောအခါ အပင်များ ရှုတ်ထွေးသွားပါပြီ။ ဆရာကြီးက . . . .

'ဦးစိုးသိန်း၊ ခင်ဗျားဒီနေ့တရားဟောချက်ကို မှတ်မိရဲ့လား၊ ခွန်အားရရဲ့လား' ဟုမေးလျှင် ဦးစိုးသိန်းက မှတ်မိပါတယ်၊ ခွန်အားရပါတယ်ဟု ပြန်ဖြေပါသည်။ ဒါဆိုရင် ပြောစမ်းပါဦး၊ ဆရာဘာအကြောင်းဟောခဲ့သလဲဟု စကားဆက်လျှင် သူက . . . ကြက်ဆူပင်အကြောင်းဟောခဲ့တာလေ။ ကျွန်တော် မှတ်မိပါတယ်ဟု ဖြေသောကြောင့် ပင်ပန်းစွာဟောခဲ့သော ဆရာခမျာ ပက်လက်လန်သွားပါသည်။ ဥပုသ်နေ့မှာ တရားနာခဲ့သောလည်း ကြိမ်ဖန်များစွာပင် တရားဇရပ်၌ ဒေသနာများ ကျန်ရစ်ခဲ့ပါသည်။ အကြောင်းမှာ နှလုံးသားကို ပြင်ဆင်ထားခြင်းမရှိဘဲ၊ ဝတ်ပြုကိုးကွယ်သောကြောင့် ဖြစ်ပါသည်။ ထိုအခါ ဆူးပင်ကြား၌ ကျသော မျိုးစေ့ကဲ့သို့ အပင်မပေါက်နိုင်။ ကြားရသောဒေသနာ၌ ခွန်အားမရဖြစ်တတ်ပါသည်။

ကောင်းသောမြေ၌ ကျရောက်သော မျိုးစေ့သည်သာ အပင်ပေါက်နိုင်ပါ၏။ ထိုအပင်မှ အဆသုံးဆယ်၊ အဆခြောက်ဆယ်၊ အဆတစ်ရာပွားတတ်သည်ဟု သခင်ယေရှုက မိန့်တော်မူပါသည်။ ကောင်းသောမြေကဲ့သို့ ဖြစ်ဖို့ရန် ကျွန်တော်ကျွန်မ၏ နှလုံးသားပြုပြင်ထားပြီးမှ တရားစကားကို နာယူဖို့ရန် ဖြစ်ပါ၏။

## ဇွန်လ (၂၅) ရက်၊ ၂၀၀၇ ခုနှစ် (တနင်္လာနေ့)

အို . . . ဣသရေလအမျိုး၊ ကြွေးကြော်လော့။ အို . . . ယေရုရှလင်သတို့သမီး စိတ်နှလုံးအကြွင်းမဲ့ ဝမ်းမြောက်ရွှင်လန်းလော့။ (ဇေဖနိအနာဂတ္တိကျမ်း၊ ၃း၁၄)

# "ရှိတော့ရှိတယ် ...၊ ရှားတယ်"

ပျော်ရွှင်ခြင်းရရှိဖို့ . . . ဘာတွေလိုအပ်သလဲဟု အကြိမ်ကြိမ်စဉ်းစားမိပါသည်၊ နောက်ဆုံးပေါ်ပစ္စည်းတစ်ခုကို ရလျှင် ပျော်မှာပဲဟု အောက်မေ့ကာ ကြိုးစားဝယ်ယူသော်လည်း သုံးလကြာလျှင် ငြီးငွေ့ကာ ပျော်ရွှင်ခြင်းကို ဖမ်းထား၍ မရပြန်ပါ။ ပုသိမ်၊ တောင်ပေါ်အသင်းတော်မှ ကိုအေးချိုနှင့် ဇနီးနော်ရှီးလာတို့ ဇနီးမောင်နှံကို တွေ့ရသောအခါတွင်မူ အံ့ဩလျက် အဖြေတစ်ခုရခဲ့ပါသည်၊ မချမ်းသာပဲနှင့် ရောင့်ရဲစွာ အသက်ရှင်၍ ဘုရားဝတ်မှာပျော်မွေ့ရင်း ရင်သွေးများစွာနှင့် ရွှင်လန်းသော သူတို့ဘဝကလေးက အားကျစရာဖြစ်ပါသည်၊ ကျမ်းစာသင်တန်းအတွက် ကူညီပေးရင်း သူတို့ထမင်းချက်ကူကြပါသည်၊ ကျွန်တော်က နေ့လည်စာ အဆင်သင့်ဖြစ်ပြီလားဟု မီးဖိုကိုသွားကြည့်တော့ ထမင်းအိုးတန်းလန်းနှင့် သူတို့လင်မယားပြဇာတ်တိုက်နေပါ၏။ ညပိုင်းအစီအစဉ်မှာ တင်ဆက်ဖို့တဲ့။ ထမင်းအိုးက ဗွက်ဗွ၊ ဗွက်ဗွနှင့် ဆူပွက်နေစဉ် သူတို့ကတော့ ဂေါ်လျက် နဖူး၊ ကျောက်ခဲစူး . . ဟူသော ကျမ်းစာလာပြဇာတ်ကို အားပါးတရ အိုင်တင်နှင့် မီးဖိုချောင်သေးသေးထဲမှာ အစမ်းလေ့ကျင့်ရာ အတော်ပင်ထိတ်လန့်သွားပါသည်၊ ပြီးလျှင် အားရဝမ်းသာစွာ ရယ်မောပြီးမှ ထမင်းအိုးကို ကြည့်အားတော့သည်။

တစ်ခါမျှ မတွေ့ဖူးသော ဇနီးမောင်နှံညီညွတ်မှု၊ ချစ်ခင်မှုကို တွေ့ရပါသည်၊ အိမ်ခြေကြီးနှင့်မဟုတ်၊ နင်လုံးငါးလုံးနှင့် တကယ့်ကို တသားတစ်ကိုယ်တည်းပါပဲ၊ အိမ်ထောင်၏ ရွှင်လန်းဝမ်းမြောက်မှုကိုလည်း တွေ့ရပါ၏။ အိုက်တင်တွေလုပ်ရင်း ရယ်မောလိုက်ကြတာဝက်ဝက်ကွဲ။ သားသမီးများကလည်း အားပေးကြပါသည်၊ လက်ခုတ်တီးကြပါ၏၊ သည်တစ်ခါတော့ စာရေးဆရာလည်း အရှုံးပေးရပါသည်။ သင်းအုပ်ဆရာကြီးလည်း ခေါင်းတညိတ်ညိတ်နှင့် ပြုံးရပါပြီ။ အဲဒီလို အိမ်ထောင်မျိုးက ရှိတော့ရှိပါသည်၊ ရှားပါလိမ့်မည်၊

ဘုရားသခင်၏ နှုတ်ကပတ်တော်၌ မွေ့လျော်၍ ပျော်ရွှင်သော အမှုကား တာရှည်ခံပါသည်၊ လောကအရာ၊ ပစ္စည်းဥစ္စာများနှင့် မသက်ဆိုင်ပါ။ ငွေရှိမှ ပျော်မည့်သူ၊ ခရီးသွားရမှ ပျော်မည့်သူ၊ ပိုင်ဆိုင်သောအရာများစွာရှိမှ ပျော်နိုင်မည့်သူများ ရှိပါ၏။ အချို့သည် ပျော်ရွှင်မှုကို ရှာရင်းမတွေ့နိုင်ပဲရှိကြပါသည်၊ အချို့က တဒင်္ဂခေတ္တခဏသာခံသော ပျော်ရွှင်ခြင်းအတွက် များစွာစိုက်ထုတ်ပေးဆပ်ကြရပါ၏။ ကိုအေးချိုတို့ကတော့ မီးဖိုချောင်သေးသေးထဲမှာလည်း ပျော်ရွှင်ခြင်းကို ရှာတွေ့ခြင်းကို ရှာတွေ့နိုင်ကြပါ၏။ စင်စစ် . . ပျော်ရွှင်ခြင်းအတွက် လိုအပ်သော အရင်းအမြစ်မှာ (၁) နှုတ်ကပတ်တော် (၂)ချစ်ခြင်းမေတ္တာသာ ဖြစ်ကြောင်း နားလည်ခဲ့ရပါ၏။



## ဇွန်လ (၂၆) ရက်၊ ၂၀၀၇ ခုနှစ် (အင်္ဂါနေ့)

နေ့ညမပြတ် ဆုတောင်းပဌာနာပြုသည်တွင် သင့်ကိုမခြား မလပ်အောက်မေ့သည်ဖြစ်၍ ငါ့ဘိုးဘေးကိုးကွယ်သည်အတိုင်း . . . ငါကိုးကွယ်သော ဘုရားသခင်၏ ကျေးဇူးတော်ကို ငါချီးမွမ်း၏။ (တိမောသေဩဝါဒစာဒုတိယစောင်၊ ၁း၅)

# "ထမ်းဘိုးမညီခဲ့ပါလျှင် ..."

မြောက်ဒဂုံမှ တောင်ဝင်၊ မောနွေလတပည့်တော်စုသို့ ကျမ်းစာသင်တန်းသွားပေးသောနေ့က ဆရာဇော်မိုးစိန်က ခရစ်ယာန်အိမ်ထောင် သင်ခန်းစာကို သင်ခိုင်းပါသည်၊ တက်လာသော ယုံကြည်သူများထဲမှ ဒေါ်ကယ်ရီလိုင်းက သူမ၏ အိမ်ထောင်အကြောင်းကို ပြောပြပါသည်၊ အရပ်မြင့်မြင့်၊ အသားဖြူဖြူနှင့် ယခုထက်တိုင်ကျစ်လစ်သော ခန္ဓာကိုယ်နှင့် ဆရာမသည် သူမ၏ ခင်ပွန်းနှင့်တွေ့ဆုံခဲ့သောအကြောင်းမှာ ရင်ခုန်ဖွယ်ဖြစ်ပါ၏။ သူမနှင့် လိုက်ဖက်သော ချစ်သူနှင့်တွေ့ဆုံကာ (၅)နှစ်တိုင်တိုင် ရည်းစားထားခဲ့ရာ တစ်ယောက်တစ်အား ချစ်ခဲ့ပါသတဲ့၊ အလွန်ကြင်နာ၍ မိဘများကလည်း လက်ခံကာ သာယာသော အိမ်ထောင်ကို ထူထောင်နိုင်ခဲ့ပါသည်၊

ဘုရားသခင်ကို ယုံကြည်တာတူ၊ လူမျိုး၊ ပညာ၊ အဆင့်အတန်းမခြားနားပဲ ညီသော ထမ်းပိုးဖြစ်ခဲ့သော်လည်း အိမ်ထောင်သည် အစဉ်သာယာခဲ့သည်တော့ မဟုတ်ပါ။ အမျိုးမျိုးသော စုံစမ်းခြင်းကြောင့် အိမ်ထောင်၌ အခက်အခဲရှိလာပါသည်၊ မျက်ရည်ကျလျက် စကားများလျက်၊ စိတ်ညစ်ခဲ့ရသောအခါ . . . မိမိတို့သည် ကြိုတင်ပြင်ဆင်မှုအမျိုးမျိုး ပြုခဲ့ပါလျက် ဘယ်အတွက်ကြောင့် မှားယွင်းမှု၊ အားနည်းမှုဖြစ်ခဲ့ရပါသနည်း၊ ကြိုတင်ကာကွယ်ခြင်းသည် ကုကခြင်းထက် ကောင်းသည်ဟု ဆိုရိုးစကားရှိပါ၏။ သို့သော် တကယ်တန်း အိမ်ထောင်ရေးမှာတော့ ကြိုတင်ကာကွယ်မှုမပြုနိုင်သည့် အကြောင်းများစွာရှိပါသည်၊ အနာအကျင်၊ ဒဏ်ရာများရှိလာသောအခါ ကုသဖို့ရန်သာ ဖြစ်ပါ၏။ သူမ၏ ကုသပုံကတော့ ဒူးထောက်ဆုတောင်းခြင်းသာ ဖြစ်ပါ၏။

ဒေါ်ကယ်ရီလိုင်းကဲ့သို့ပင် မသန္တာကလည်း သက်သေခံပါ၏။ သူမကလည်း မယုံကြည်သူမှ ပြောင်းလဲလာ၍ သခင်ယေရှုကို လက်ခံသောအခါ သူမ၏ ချစ်သူမှာ ယုံကြည်သူမဟုတ်ပါ။ အနေလည်း ဝေးပါ၏။ ထိုအခါ ဆုတောင်းပေးရုံပဲ တတ်နိုင်၏။ အံ့ဩဖွယ်အမှုကို ဘုရားရှင်ပြုခဲ့ပါသည်။ ချစ်သူသည် အဝေးမှာနေလျက် မမျှော်လင့်ပဲ ကယ်တင်ခြင်းသတင်းစကားကို လက်ခံခဲ့ပါ၏။ ထို့နောက် ထမ်းပိုးညီလျက် အိမ်ထောင်ဖက်ခဲ့ရပါသတဲ့။ ဆုတောင်းခြင်းအားဖြင့်သာ မညီသော ထမ်းပိုးများကို ဆုတောင်းခြင်းအားဖြင့် ညီအောင်ညှိနိုင်ကြောင်း ပြောပြခဲ့ပါသည်။ ထိုအခါ ကလေး(၃)ယောက်ရှိ၍ အိမ်ထောင်ရေး ခရီးလမ်းကို နှစ်ပေါင်းကြာမြင့်စွာ လျှောက်ခဲ့သူကလည်း ထောက်ခံပါသည်။ ကျွန်တော်၏ အိမ်ထောင်၌ရှိသည့် အမျိုးမျိုးသော ပြဿနာများကို ဆုတောင်းခြင်းကသာလျှင် ဖြေရှင်းနိုင်ပါ၏။ ဘုရားရှင်သည် သားသမီးတို့၏ ပတ္ထနာပြုသော အသံကို နားစွင့်နေပါ၏။

**ဇွန်လ (၂၇) ရက်၊ ၂၀၀၇ ခုနှစ် (ဗုဒ္ဓဟူးနေ့)**

အကြောင်းမူကား လောကီသားတို့သည်၊ မိမိတို့အမှုကို ဆောင်ရွက်ရာတွင်၊ အလင်းသို့ရောက်သော သူတို့ထက်သာ၍ လိမ္မာကြ၏။ (ရှင်လုကာခရစ်ဝင်ကျမ်း၊ ၁၆း၈)

## "သာ၍လိမ္မာကြ၏ ..."

လုပ်သင့်တဲ့အလုပ်၊ ကောင်းတဲ့အလုပ်ဆိုရင် မြန်မြန်လုပ်။ အချိန်မဆွဲပါနဲ့။ အခွင့်အရေးဆိုတာ တစ်ခါပဲရမယ်။ အဲဒါကို အမိအရဆုပ်ကိုင်ပါဟု ကျွန်တော့်အမေဆုံးမ ခဲ့ဖူးပါသည်။ လွန်ခဲ့သော နှစ်နှစ်ဆယ်က ထိုစကားကို ညီမကဲ့သို့ခင်မင်သော မြမာလာကို ပြောပြဖူးပါသည်။ ဉာဏ်ရည်ကောင်းသော မြမာလာသည် ထိုစကားကို ခွန်အားယူ၍ သူမ၏ဘဝမှာ ရလာသော အခွင့်အလမ်းကို အမိအရဖမ်းယူခဲ့၍ ယခုအခါအောင်မြင်သော ဘဝတစ်ခုကို တည်ဆောက်နိုင်ခဲ့ပါ၏။ ပြည်ပတွင် သူမနှင့်တွေ့ဆုံစဉ် ထိုစကားကို ပြန်ပြော၍ ကျွန်တော့်အား ကျေးဇူးတင်စကား ပြောခဲ့သေးသည်။ တကယ်တော့ ကျွန်တော့်မိခင်၏ ဆုံးမစကားကို ကျွန်တော်ငှါးပြီးသုံးခဲ့တာပါ။

ပုသိမ်တောင်ပေါ် အသင်းတော်မှာတော့ ဆရာကြီးဆင်မြူရယ်က ခြားနားသော သာဓကတစ်ခုကို ပြောပြပါ၏။ လူနှစ်ယောက်သည် ကျောက်တူးရာ တစ်ယောက်ကတွင်းထဲမှာ။ တစ်ယောက်ကအပြင်မှာ။ ရုတ်တရက် ကျောက်တုံးကြီး လိမ့်လာသည်ကိုမြင်လျှင် တွင်းဝမှလူက သူ့အဖော်အား သတိပေးရန် ကြိုးစား၏။ သူငယ်ချင်း၊ ကျောက်တုံးလိမ့်ကျလာပြီ။ ရှောင်လိုက်ဟုပြောမည် ကြံသော်လည်း နှုတ်ကမသွက်။ စကားထစ်သူဖြစ်၍ သူ. . . သူ. . . သူငယ်ချင်း၊ ကျောက်. . . ကျောက်. . . ကျောက်တုံးလိမ့်. . . လိမ့် . . . စသည်ဖြင့် ထစ်ငေါ့နေရာ၊ သူ့စကားတစ်ဝက်မရောက်ခင် ကျောက်တုံးသည် သူ့သူငယ်ချင်းကို ပိလေ၏။ သူငယ်ချင်းကို စေတနာအမှန်ဖြင့် ကယ်ဆယ်ရန်ကြိုးစားသော်လည်း၊ ထစ်ငေါ့ခြင်း၊ နှောင့်နှေးခြင်းများကြောင့် သူငယ်ချင်းခမျာ သေပွဲဝင်သွားရပါသည်။ စိတ်မကောင်းစရာ ဖြစ်ရပ်တစ်ခုပါ။ စင်စစ် ကောင်းသောအမှု၌ နှောင့်နှေးနေသောအခါ ဒုက္ခဆင်းရဲခြင်းကို ကြုံရသည့် သင်ရန်စာလည်း ဖြစ်ပါသည်။ သခင်ယေရှု၏ မိန့်တော်မူချက်တွင် . . .

မိမိတို့အမှုကို ဆောင်ရွက်ကြသောအခါ လောကီသားတို့သည် လျင်မြန်သွက်လက်၍ တတ်သိကျွမ်းကျင်သဖြင့် အောင်မြင်ကြောင်းကို ဥပမာတော်တွင် တွေ့ရပါသည်။ ယနေ့ကာလတွင်လည်း လောကီသားအများသည် ယုံကြည်သူများထက်သာသော စည်းစိမ်ဥစ္စာကိုစုသိမ်း၍ အောင်မြင်မှုများကို သာ၍ရနေပါသည်။ ဘုရားသခင်က မျက်နှာသာပေး၍ မဟုတ်ပါ။ သူဖန်ဆင်းသော လူသားအားလုံးကို တန်းတူညီမျှ အခွင့်ပေးပါလျက်၊ ကျွန်တော်တို့ကသာ ရလာသော အခွင့်အလမ်းကို လိမ္မာစွာ အသုံးမချနိုင်ဘဲ ထစ်ထစ်ငေါ့ငေါ့ ဖြစ်နေသောအကြောင်းရင်းများကို ဆန်းစစ်၍ ပြုပြင်ကြရန်ဖြစ်ပါ၏။



**ဇွန်လ (၂၈) ရက်၊ ၂၀၀၇ ခုနှစ် (ကြာသပတေးနေ့)**

ဖြောင့်မတ်သောသူတို့၏လမ်းကို ထာဝရဘုရားသိကျွမ်းတော်မူ၏။ မတရားသောသူတို့၏ လမ်းသည်ဆုံးရှုံးခြင်းသို့ ရောက်ရလိမ့်သတည်း။ (ဆာလံကျမ်း၊၁း၆)

## "တိုက်တွန်းခြင်းသို့မလိုက် ..."

**မြို့မှ ကျမ်းစာသင်တန်းလာတက်သော ယောကျ်ားပျိုသည် ရွာခံမိန်းကလေးကို နှစ်သက်၍ ချစ်ရေးဆိုပါသည်။ ဂလိုဘယ်လိုက်ဖေ့ရှင်းခေတ်တွင် တောသူအပျိုမကလည်း မခေပါ။ သူမကို ချစ်ကြောင်းသက်သေပြမှ လက်ခံမည်ဟု စျေးဆစ်ပါသည်။ ဘာလုပ်ပေးရမလဲ ဘယ်လိုသက်သေပြရမလဲ ဟုမေးလျှင် မိန်းကလေးက ရွာအပြင်သို့ခေါ်သွားပြီးမှ ကွမ်းသီးပင်ကိုပြကာ၊ ကွမ်းသီး ခူးပေးရမတဲ့။ ပေသုံးဆယ်မျှမြင့်သော ကွမ်းသီးပင်ချောချောကို မြို့သားသည် ကြည့်ရင်း သက်ပြင်းချမိလေ၏။ သို့သော် မတတ်နိုင်တော့ပါ။ စကားအခံရှိပြီမို့ ကြိုးစား၍ တက်ရာ ဗိုက်ပွန်းပဲ့ရာ၊ ရင်ဘတ်၌ ခြစ်ရာရှရာတွေ အတော်ရပြီးမှ ကွမ်းသီးပင်ထိပ်သို့ ရောက်လေ၏။ ကွမ်းသီးခိုင်ကို ဆွတ်ကာ ပစ်ချပြီးလျှင် . . .**

**မင်းခိုင်းတာ လုပ်ပြီးပြီ။ အဖြေပေးဖို့ ပြင်ပေတော့ဟု ဆိုပါသတဲ့။ မိန်းကလေးက နေပါဦး။ တစ်မျိုးကျန်သေးတယ်။ အောက်ကို ဇောက်ထိုးဆင်းပြပါ။ အဲဒါမှ အဖြေပေးနိုင်မယ်ဟု အဆစ်တောင်းလေ၏။ မြို့သားခမျာ ဘယ်မှာ သစ်ပင်တက်ဆင်းလုပ်တတ်ပါ့မလဲ။ အချစ်ဇောနှင့် ကြိုးစားခဲ့တာပါ။ ရင်ဘတ်မှာ ဒဏ်ရာတွေကနာလှပါပြီ။ သို့သော်လည်း မထူးပြီမို့ အပင်ထိပ်မှာ ကတ်သီးကတ်သပ် ဇောက်ထိုးလည်း လှည့်လိုက်ရော၊ အရှိန်မထိန်းနိုင်။ ဝေါကနဲကွမ်းသီးပင်စည်ကိုဖက်လျက် ဒရွတ်တိုက်လျှောကျလာပါ၏။မြေပြင်နှင့်ခေါင်းဆောင့်မိမှ အရှိန်ရပ်သွားကာ ကြယ်တွေလတွေ ပလူပျံသွားပါပြီ။ ရင်ဘတ်မှာလည်း ရွှေဘော်ထိုးသလိုပေါ့။ သွေးတွေစီးကျလျက် ပွန်းပဲ့ရှနာဒဏ်ရာတွေက မနည်းပါ။ သို့သော်အားခဲ၍ ပြုံးကာ စာဥရေ အဖြေပေးပါတော့ဟု တောင်းဆိုပါသည်။ တောသူအပျိုမစာဥက စဉ်းစား ဉာဏ်နည်းပြီး၊ လုပ်သင့်မလုပ်သင့် မဆုံးဖြတ်နိုင်တဲ့သူ၊ မိန်းမပြောတိုင်းလိုက်လုပ်တဲ့ ခတ်ညံ့ညံ့ယောကျ်ားကိုကျွန်မချစ်ခဲ့ရင်နောင်အကျိုးနည်းဖို့ပါပဲ။ရှင့်ကိုကျွန်မငြင်းပါ ရစေဟု ပြောရင်းထွက်ခွာသွားပါလေရော။ မြို့သားခမျာ ဒဏ်ရာတွေဗလပွနဲ့ ကျန်ရစ်ခဲ့သတဲ့။**

**မလုပ်သင့်တာကို သူတစ်ပါးသွေးဆောင်တိုင်း မလုပ်ကြဖို့ပါဘဲ။ မတရားသောသူ၏ တိုက်တွန်းခြင်းသို့ မလိုက်ဘဲနေ၍ တရားတော်၌ မွေ့လျော်မှုသာ အမှားအမှန်ကို ဝေဖန်ပိုင်းခြားနိုင်သော ပညာကိုရနိုင်မည်အကြောင်း ဖြစ်ပါ၏။ မလုပ်သင့်တာကို တိုက်တွန်းသော မတရားသူတို့အား သတိပြုကြပါစို့။**

**ဇွန်လ (၂၉) ရက်၊ ၂၀၀၇ ခုနှစ် (သောကြာနေ့)**

အဘယ်အမှုကိုမျှ စိုးရိမ်ခြင်းမရှိဘဲ၊ အရာရာ၌ကျေးဇူးတော်ကို ချီးမွမ်းခြင်းနှင့်တကွ ဆုတောင်းပဌနာပြုသောအားဖြင့် သင်တို့တောင်းပန်လိုသော အရာများကို ဘုရားသခင်အား ကြားလျှောက်ကြလော့။ (ဖိလိပ္ပိဩဝါဒစာ၊ ၄း၆)

## "တောင်းပန်လိုသောအရာ ..."

အမှုတော်ဆောင်ဖြစ်၍ ဝင်ငွေလည်းနည်းပါးသော ဆရာလေးဆင်မြူရယ်နှင့်ဇနီး လှလှမေတို့အကြောင်းကို ပြောပါရစေ။ ဇနီးသည် သွေးသွန်နာစွဲ၍ သေလုသောဝေဒနာခံရလျှင် ဆေးကုသရန် လိုအပ်လာပါသည်။ သို့သော် ဆေးရုံတက်ရန် ဓါတ်ဘူးမရှိ။ ငွေကြေးလည်း မရှိလျှင်ဘာမျှမတတ်နိုင်။ စစ်ဆေးသော ဆရာဝန်က အဆုံးအဖြတ်ကာလရောက်ပါပြီ။ နောက်တစ်ရက်ဆိုရင် နောက်ကျတော့မည်။ ယနေ့ပင် ဆေးကုသခံပါ။ ဆေးရုံသို့ အမြန်သွားပါဟု အကြံပေးပါ၏။ သို့သော် ငွေမရှိသဖြင့် သူတို့မသွားနိုင်ပါ။ ကြေကွဲသောနှလုံးဖြင့် မိသားစုများ စုဝေး၍ အငယ်ဆုံးကလေးမှစ၍ ဆုတောင်းကြပါသည်။ ဘာမှမတတ်နိုင်သည့်အဆုံး ဘုရားသခင်ကိုသာ မျှော်ကြည့်၍ ဆုတောင်းငိုကြွေးရုံဘဲ တတ်နိုင်ပါတော့သည်။

ထိုနေ့ညစာကိုစားလျှင် ငပိရည်နှင့် တို့စရာပဲ ရှိပါသည်။ လူနာဖြစ်သော ဒေါ်လှလှမေသည် ရှိသည့်ထမင်း၊ ငပိရည်နှင့် တို့စရာ ရှားဖြူသီးနှစ်လုံးကို တို့စားခဲ့ပါ၏။ ထို့နောက် ဆုတောင်းကြပြန်သည်။ အိပ်ယာသို့ဝင်ပြီး နောက်တစ်နေ့ မိုးသောက်၍ အလင်းရောက်လျှင် အံ့သြဖွယ်ရာပင် သွေးဆင်းရပ်ကာ နှစ်လရှည်ကြာ ဒုက္ခပေးသော သွေးသွန်နာသည် လုံးလုံးပျောက်လေ၏။ တိုင်းရင်းဆေးဆရာများက၊ ရှားဖြူသီးကြောင့်ဟု သုံးသပ်ကြသော်လည်း ထိုနေ့က ဈေးဖိုးငွေနှစ်ကျပ်နှင့် ဈေးထဲမှာ တို့စရာဝယ်ခဲ့သော သမီးကို ရှားဖြူသီးဝယ်ရန် မည်သူနှိုးဆော်၍ အမှတ်တမဲ့ဝယ်ခဲ့သည်ကိုမူ သူတို့နားလည်ခဲ့ကြပါပြီ။ ဓမ္မပညာရှင် ဝီလျံဘာကလေက ဆုတောင်းပဌနာပြုသောအခါ အောက်မေ့စရာ(၃)ချက် ရှိသည်ဟု အကြံပြုပါ၏။

(၁) ဘုရားသခင်၏ မေတ္တာတော်ကြီးမားသည်ကို အောက်မေ့ပါ။

(၂) ဘုရားသခင်၏ ဥာဏ်တော်ကျယ်ပြန့်သည်ကို အောက်မေ့ပါ။

(၃) ဘုရားသခင်၏ ကြွယ်ဝသောပညာနှင့် တန်ခိုးတော်ကို အောက်မေ့ပါ။

ဘုရားသခင်သည် အကောင်းဆုံး၊ အသင့်ဆုံးသောအရာကိုသာ သားသမီးများအား စီမံပေးတတ်ပါ၏။ ဂရုဏာတော်ကို ခံစားရလျက်၊ ငြိမ်းချမ်းမှုနှင့် သာယာပြည့်စုံမှုကို ပေးပိုင်သော ဘုရားရှင်ထံမှ လူတို့ကြံစည်၍ မမီနိုင်သော 'အဖြေ . . . 'သည် အစဉ်သဖြင့်၊ အဆင်သင့် ရှိနေမြဲ ဖြစ်ပါ၏။



**ဇွန်လ (၃၀) ရက်၊ ၂၀၀၇ ခုနှစ် (စနေနေ့)**

ကိုယ်အမှုအရာကိုသာ မရှုမမှတ်ဘဲ၊ သူ့အမှုအရာကို အချင်းချင်းရှုမှတ်ကြလော့။ ယေရှုခရစ်၌ရှိသော ထိုစိတ်သဘောကို သင်တို့၌လည်း ရှိစေကြလော့။ (ဖိလိပ္ပိ ဩဝါဒစာ၊ ၂း၅-၆)

## "ကိုယ့်အမှုအရာကိုသာ ..."

**ရှင်ပေါလုခေတ်ကာလက၊ ဖိလိပ္ပိအသင်းတော်အား ခြိမ်းခြောက်လျက်ရှိသော ဘေးအန္တရာယ်မှာ မညီညွတ်မှု ဖြစ်ပါသည်။ ဤကိစ္စသည် ရာစုနှစ်များစွာ၌ အသင်းတော်အား ဒုက္ခပေးခဲ့ပါသည်။ ကြံ့ခိုင်သော အသင်းတော်ပင်ဖြစ်လင့်ကစား ဤဘေးအန္တရာယ်ကို ကြုံတွေ့ရတတ်ပါသည်။ ဤအန္တရာယ်၏ အခြေခံကျသော အကြောင်းသုံးမျိုး ရှိပါသည်။ (၁) တစ်ကိုယ်ကောင်းကြီးပွားလိုစိတ်၊ (၂) ဂုဏ်ဒြပ် ကြီးမြတ်လိုစိတ်နှင့် (၃) မိမိကိုယ်ကို သာလျှင် အာရုံစူးစိုက်လိုသော စိတ်များရှိကြသောအခါ သူတစ်ပါး၏ အမှုအရာကို မရှုမမှတ်နိုင်ဘဲ ကိုယ့်အတ္တ၊ ကိုယ့်အမှုကို သာရှုမှတ်နေသဖြင့် မညီမညွတ်ဖြစ်လာကြရပါသည်။ ဤအကြောင်းအရင်း (၃)ပါးတွင် တစ်ကိုယ်ကောင်းကြီး ပွားလိုစိတ်ဖြင့် အသက်ရှင်နေသူများကြောင့် ရှေးခေတ်အသင်းတော်များတွင် ပြဿနာ ဖြစ်ပွားခဲ့ရပါ၏။**

**အမ်းဘရိုစ့်ဟူသော ပုဂ္ဂိုလ်သည် ကနဦးအသင်းတော်ကာလ၌ အသင်းတော်တွင် ကြီးမြတ်သည့် ပုဂ္ဂိုလ်တစ်ပါး ဖြစ်ပါသည်။ ရောမဘုရင်ခံလည်း ဖြစ်၏။ သူသည်မေတ္တာ၊ စေတနာနှင့် အုပ်ချုပ်သောကြောင့် ပြည်သူတို့က ဖခင်သဖွယ် လေးစားကြည်ညို ချစ်ခင်ပါသည်။ တစ်နေ့သ၌ သာသနာပိုင် ဘုန်းတော်ကြီး ဘုန်းတော်ဝင်စားသွားသောအခါ၊ သူ၏ နေရာတွင် ဆက်ခံရမည့်သူကို ရွေးချယ်ရန် ဆွေးနွေးနေကြစဉ် ရုတ်တရက် "အမ်းဘရိုစ့်သာသနာပိုင်၊ အမ်းဘရိုစ့်သာသနာပိုင်" ဟု ကလေးတစ်ယောက်စတင် အော်ဟစ်လျှင် လူထုကြီးကလည်း ထိုနည်းအတိုင်းလိုက်လံ ကြွေးကြော်လေ၏။ ထောက်ခံခြင်းဆန္ဒပြုကြပါသည်။ သို့သော် အမ်းဘရိုစ့်က လက်မခံခဲ့ပါ။ အသင်းတော်မှ ပေးအပ်သည့် ကြီးမြတ်သော ရာထူးကို လက်မခံရစေရန် ညတွင်းချင်းထွက်ပြေး တိမ်းရှောင်လေ၏။ ဤရာထူးနှင့် ကျွန်တော် မထိုက်တန်ပါဟု ဆိုပါသည်။**

**သို့သော် အခြေအနေ အရပ်ရပ်ကို သုံးသပ်ပြီး ဘုရင်ဧကရာဇ်မင်းက တိုက်ရိုက်စွက်ဖက်ကာဝင်ရောက်၍ အမိန့်ပေးမှ သူသည် မီလန်သာသနာပိုင်ရာထူးကို လက်ခံ၍ ထမ်းရွက်ခဲ့ပါသည်။ ကြီးမြတ်သောသူများသည် တစ်ကိုယ်ကောင်းစိတ်မရှိပါ။ အချင်းချင်းညီညွတ်မှုနှင့်အသင်းတော်၏ ကြီးပွားမှု၊ ကောင်းစားမှုကိုသာ ဦးစားပေး၍ အခြားသူအတွက် စဉ်းစားပေးတတ်ကြပါ၏။**

**မေလ(၃၁)ရက်၊ ၂၀၀၇ ခုနှစ် (ကြာသပတေးနေ့ )**

သူတို့၌အမှီတကဲမရှိ။ ထာဝရဘုရားသည် ငါတို့ဘက်၌ရှိတော်မူ၏။ "သို့ဖြစ်၍၊ သူတို့ကို မကြောက်ကြနှင့်" ဟုပြောဆိုကြလေသော်. . . (တောလည်ရာကျမ်း၊ ၁၄း၉)

## "အမှီတကဲ ..."

တစ်လတော့ကုန်သွားပြန်ပြီ။ ရှုန်းရင်းကန်ရင်းနဲ့ဖြတ်သန်းလာခဲ့ရတာ ပင်ပန်းလိုက်တာဟု အချို့ကတွေးမိပါလိမ့်မည်။ အချို့ကတော့ကျေးဇူးတော်ပဲ၊ ဘုရားမစလို့ကူညီလို့ တစ်လတော့လွန်သွားပြီ. . ဟု အောက်မေ့ပါလိမ့်မည်။ မည်သို့ပင်ဖြစ်စေ၊ နက်ဖြန်ကျလျှင် ဇွန်လ (၁)ရက်နေ့။ ဘုရားသခင် ဖန်ဆင်းမည့်နေ့ရက်အသစ်၊ လအသစ်သို့ ဝင်စားရပါဦးမည်။ ဒီလတောင် ဒီလောက်ကြပ်တည်းတာ နောင်လများဆိုရင်တော့သာ၍၊ ခက်ခဲမလားမသိဘူးနော်ဟု စိုးရိမ်တကြီး ပြောနေသော အိမ်ရှင်မတစ်ယောက်၏ အသံကို မနေ့ကကြားခဲ့ရာ၊ နောက်တစ်လမှာ ကျွန်တော်တို့ ဘယ်လိုများဖြတ်သန်းရမလဲဟု တွေးမိပါသည်။

မြို့တစ်မြို့မှာ ဝမ်းရောဂါကြောင့် လူများသေကြေပျက်စီးပါသတဲ့။ ဝမ်းရောဂါပိုးများ အစည်းအဝေးမှာ အချင်းချင်းအစီရင်ခံရင်း ခေါင်းဆောင်ကမေးသတဲ့။ ဟော့ . . . ပိုးကောင်တွေ၊ မင်းတို့နှောင့်ယှက်လိုက်လို့ ဒီမြို့မှာ လူဘယ်နှဦးသေဆုံးသွားသလဲဟုမေးလျှင် ပိုးများက လူရှစ်သောင်းသေပါတယ် ခေါင်းဆောင်ကြီး။ သို့သော် ကျွန်တော်တို့က လူလေးသောင်းကိုသာ တိုက်ခိုက်ခဲ့ရတာပါဟု ဖြေသတဲ့။ ဟင် . . . ဒါဆို၊ လေးသောင်းသော လူတွေက ဘာကြောင့်သေရတာတုံး၊ မင်းတို့ဘာမှမလုပ်ဘဲနဲ့ဟု မေးသောအခါ ငယ်သားက သူတို့ကသူများတွေဖြစ်နေ၊ သေနေတာကိုကြည့်ပြီးကြောက်ရင်း၊ ကြောက်ရင်းနဲ့ အချောင်သေကုန်ကြပါတယ်ဟု အစီရင်ခံပါ၏။ ကြောက်စိတ်၊ ကြို့တင်ပူပန်သောစိတ်သည် လူကို အချောင်သေစေနိုင်သော သာဓကကလေး ဖြစ်ပါ၏။

သခင်ယေရှု၏ ဥပမာတော်တွင် အခွက်တစ်ဆယ်ကိုခံသော ငယ်သားဥပမာ ရှိပါ၏။ အခွက်ငါးဆယ်ကိုခံသောသူသည် ကုန်သွယ်မှုကိုပြု၍ အခွက်ငါးဆယ်အမြတ်ရပါ၏။ အခွက်နှစ်ဆယ်ခံသောသူလည်း အလားတူပြု၍ အခွက်နှစ်ဆယ်အမြတ်ရပါသည်။ အခွက်တစ်ဆယ်ခံသောသူကား မြေ၌တွင်းတူးပြီးမြှုပ်နှံထားပါသည်။ ရှုံးနိမ့်မည်၊ လွဲချော်မည်ကို စိုးရိမ်၍ မြေ၌မြှုပ်နှံကာအေးအေးနေခဲ့သူကို ငွေရှင်သူဌေးပြန်လာသောအခါ ဒဏ်ခတ်ခံရပါသည်။ ကြောက်စိတ်တစ်ခုကြောင့် သူ့ခမျာသာ၍ ခံစားခဲ့ရပါသည်။ ကျွန်တော်တို့သည် မည်သို့သောခဲယဉ်းမှုရှိရှိ နက်ဖြန်နေ့ကို ရင်ဆိုင်ရမည်သာ ဖြစ်ပါ၏။ ကြောက်သည်ဖြစ်စေ၊ ရဲဝံ့သည်ဖြစ်စေ၊ ရင်ဆိုင်ရမည့်အမှု၊ လုပ်ဆောင်ရမည့်တာဝန်များအတွက် ရှောင်လွှဲခြင်းငှါ မတတ်နိုင်ပါ။ သို့ဖြစ်၍ အားယူ၍ ရဲရင့်ခြင်းရှိကြပါစို့။ ဘုရားသခင်သည် ငါတို့ဘက်မှာ ရှိတော်မူလျှင် ငါတို့သည် ကြောက်စရာအမှုမရှိ။ ဘုရားရှင်နှင့်အတူ ရင်ဆိုင်ခွင့်ရဖို့ အရေးကြီးပါ၏။